# မြန်မာ့အလင်း

၁၂၇၈ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၆၀)

## ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်နေ

အခြေခံလိုအပ်ချက်များဖြစ်သော နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊စီးပွားရေးဆိုင်ရာအခြေခံအဆောက်အအုံများ၊ မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို မြန်မာအင်ဂျင်နီယာများ၊ မြန်မာဗိသုကာပညာရှင်များ၏စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုးကြိုးပမ်းတည်ဆောက်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ။





# အာဆီယံနိုင်ငံအင်ဂျင်နီယာအသင်းများအဖွဲ့ ချုပ်ညီလာခံ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာအလယ်၌ ထည်ဝါစွာရပ်တည်နိုင်စေရေး နိုင်ငံသူ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့်ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ( CAFEO-22)ကျင်းပရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓေယျာသီရိဗိမာန်ခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

***စာမျက်နှာ ၈ ကော်လံ ၁*** ❒



လယ်ယာစိုက်ပျိုးရေးကို အဓိကအကျိုးပြုသော စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်လျက်ရှိရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) က တာဝန်ယူ တည်ဆောက်ခဲ့သည့် နတ်မောက်မြို့နယ် ကျောက်တံခါး ရေလှောင်တမံစီမံကိန်း၌ ပါဝင်သော ရေထုတ်ပြွန် အမှတ်(၁) တည်ဆောက် ပြီးစီးမှုကို နိုဝင်ဘာ ၂၃ရက် က ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း– သိန်းဝင်းလေး (မြန်မာ့အလင်း)
(သတင်းဆောင်းပါး– ကျောဖုံး)

## မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

“အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲ မြန်မာနိုင်ငံအတွင်းဖြတ်သန်းယှဉ်ပြိုင်မောင်းနှင်ခြင်းဖြင့် မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ ခရီးသွားလုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အေးချမ်းသာယာလှပသော မြန်မာနိုင်ငံ၏ သဘာဝအလှအပများကို ကားပြိုင်ပွဲမှတစ်ဆင့် ထင်ဟပ်ပေါ်လွင်စေမည်။”

ခေါင်းကြီး(စာ-၂)

“အမှန်တော့ ၁၉၈၈ခုနှစ် အရေးအခင်းဟာ ဗဟိုက ချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်သို့ ဦးတည်ဖြစ်ပေါ်ခဲ့ပေမယ့် အဖျက်အမှောင့်လုပ်ရပ်တွေ၊ မင်းမဲ့စရိုက်ဆိုးတွေရဲ့အလွှမ်းမိုးခံလာရတဲ့အတွက် လူ့သမိုင်းဖြစ်ပေါ်တိုးတက်ရေးတာဝန်ကို စည်းစနစ်အရှိဆုံးသော တပ်မတော်က ဝင်ရောက် ထမ်းဆောင်လာခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့လို ဒီမိုကရေစီနိုင်ငံထူထောင်ရေး အုတ်မြစ်ကိုချခဲ့တာဟာ တပ်မတော်သာဖြစ်ပါတယ်။”

အောင်မိုးစံ၏ဆောင်းပါး(စာ-၃)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

# အာဆီယံ–အိန္ဒိယကားပြိုင်ပွဲ မြန်မာနိုင်ငံမှ ဖြတ်သန်းမောင်းနှင် အေးချမ်းသာယာသော နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ပိုမိုပေါ်လွင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ အတူပူးပေါင်း လက်တွဲဆောင်ရွက်လျက် ရှိသည်။

ထိုသို့ လက်တွဲဆောင်ရွက်ရာတွင် နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံရေး၊ ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံရေး၊ ခရီးသွားလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး စသည်တို့အပြင် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်လျက် ရှိသည်။

အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အိန္ဒိယနိုင်ငံ စက်မှုလုပ်ငန်းရှင်များအသင်းက စီစဉ်ကျင်းပသော ပထမအကြိမ် အာဆီယံ–အိန္ဒိယ မော်တော်ကားပြိုင်ပွဲ(၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ၂၂ရက်နေ့က အိန္ဒိယနိုင်ငံ အာသံပြည်နယ် ဂူဝါဟာတီမြို့၌ ကျင်းပခဲ့သည်။

အာဆီယံ–အိန္ဒိယ မော်တော်ကားပြိုင်ပွဲ (၂၀၀၄)ကို အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ဖွင့်လှစ်ပေးခဲ့သည်။ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်အားပေး ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကားပြိုင်ပွဲသို့ အိန္ဒိယနှင့် အာဆီယံ (ဖိလစ်ပိုင်နိုင်ငံမပါ) နိုင်ငံပေါင်း၁၀နိုင်ငံမှ ကားအစီး ၆၀ဖြင့် ယာဉ်မောင်း၂၄၀တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ကားသုံးစီး၊ ယာဉ်မောင်း ၁၂ဦးဖြင့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရှိရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာလ ၂၃ရက်နေ့တွင် အိန္ဒိယနိုင်ငံ ဂူဝါဟာတီမြို့မှ စတင်တာထွက်မည့် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ကားများနှင့် ယာဉ်မောင်းများအား နှုတ်ဆက်အားပေးခဲ့ကြသည်။

အဆိုပါ ကားပြိုင်ပွဲခရီးစဉ်အစအဆုံးသည် ၇၈၆၉ ကီလိုမီတာရှိပြီး အိန္ဒိယနိုင်ငံတွင် ကီလိုမီတာ ၆၉၀၊ မြန်မာနိုင်ငံတွင် ၄၃၉ ကီလိုမီတာ၊ ထိုင်းနိုင်ငံတွင် ကီလိုမီတာ ၂၂၃၀၊ လာအိုနိုင်ငံတွင် ၆၄၂ ကီလိုမီတာ၊ ဗီယက်နမ်နိုင်ငံတွင် ၁၃၁၂ကီလိုမီတာ၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၆၄၂ကီလိုမီတာ၊ မလေးရှားနိုင်ငံတွင် ၈၅၃ကီလိုမီတာ၊ စင်ကာပူနိုင်ငံတွင် ကီလိုမီတာ၅၀ ဖြတ်သန်းမောင်းနှင်၍ အင်ဒိုနီးရှားနိုင်ငံ ဘက်တမ်မြို့သို့ ဒီဇင်ဘာလ၁၁ရက်နေ့တွင် ပန်းဝင်ကြမည် ဖြစ်သည်။

ပြိုင်ပွဲစတင်တာထွက်သည့် နိုဝင်ဘာလ ၂၃ ရက်နေ့မှစတင်၍ စုစုပေါင်း ၁၉ ရက်ကြာမြင့်မည် ဖြစ်ပြီး တစ်ရက်လျှင် ပျမ်းမျှ ကီလိုမီတာ ၄၄၀ခန့် မောင်းနှင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ပြိုင်ပွဲဝင်ကားများသည် မြန်မာနိုင်ငံ တမူးမြို့သို့ နိုဝင်ဘာလ ၂၄ရက်နေ့ ညနေပိုင်းတွင် ရောက်ရှိခဲ့ပြီး ၂၅ရက်နေ့တွင် မန္တလေးမြို့၊ ၂၆ရက်နေ့တွင် လွိုင်လင်မြို့၊ ၂၇ရက်နေ့တွင် ကျိုင်းတုံမြို့တို့၌ ညအိပ်ရပ်နားခဲ့ကာ နိုဝင်ဘာလ ၂၈ရက်နေ့တွင် ကျိုင်းတုံ–တာချီလိတ်လမ်းမှတစ်ဆင့် ဆက်လက်မောင်းနှင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ အာဆီယံ–အိန္ဒိယမော်တော်ကားပြိုင်ပွဲ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းယှဉ်ပြိုင်မောင်းနှင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ ခရီးသွားလုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အေးချမ်းသာယာလှပသော မြန်မာနိုင်ငံ၏ သဘာဝအလှအပများကို အာဆီယံ–အိန္ဒိယ ကားပြိုင်ပွဲမှတစ်ဆင့် ထင်ဟပ်ပေါ်လွင်စေမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းမောင်းနှင်ခြင်းနှင့် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် ယာဉ်မောင်းများ ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် အေးချမ်းသာယာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် နိုင်ငံတကာအလယ်တွင် ပိုမိုပေါ်လွင်ထင်ရှားစေမည်ဖြစ်ပြီး မြန်မာ့ဂုဏ်ကို မြင့်မားတိုးတက်စေမည်ဖြစ်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၂၉–၁၁–၂၀၀၄**
**(တနင်္လာနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
**ပထမနှစ် ပထဝီဝင်**
Coastal Landforms
and the Global ocean.
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကြယ်တစ်ပွင့်ရဲ့ ဒိုင်ယာရီ”** (အပိုင်း–၁)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာသိုက်နှင့် ရန်နိုင်စား”** (အပိုင်း–၂၅)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



**စမ်းချောင်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပညာရေးမိသားစုတို့၏ ပထမအကြိမ် စုပေါင်း ဘုံကထိန်သင်္ကန်း ကပ်လှူပွဲကို နိုဝင်ဘာ ၂၃ရက်က စပယ်ခန်းမတွင် ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား အမှူးထား၍ မြို့နယ်အတွင်းရေးမှူး ဦးဌေးအောင်နှင့် မြို့နယ်ပညာရေးမှူး ဦးဝင်းမော်တို့က ဆက်ကပ်လှူဒါန်းစဉ်။** (၁၂၉)

# ဖျာပုံတံတားနှင့် တွံတေးတံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၈

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်း ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၇)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ တည်ဆောက်ရေးပစ္စည်းများရရှိမှုနှင့် ရှေ့ဆောင်ရွက်မှုအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။**

**လိုအပ်သည်များမှာကြား**

ထို့နောက် ဖျာပုံခရိုင် အင်ဂျင်နီယာမှူး ဦးစိုးမြင့်က ဖျာပုံခရိုင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများ တည်ဆောက်ပြီးစီးမှု၊ လမ်းများ ပြင်ဆင်ထိန်းသိမ်းမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ယမန်နေ့အထိ ဖျာပုံတံတားတည်ဆောက်ရေးလုပ်ငန်း၏ ရေလည်တိုင် ငါးတိုင်၏ ဘိုးပိုင်လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပြီး ဖြစ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တွံတေးတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က တံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

တွံတေးတံတားသည် ရန်ကုန်တိုင်း တွံတေးမြို့နယ် ဘုရားငုတ်တိုရွာ အနီးတွင် တွံတေးတူးမြောင်းကို ဖြတ်၍ လှိုင်သာယာမြို့နှင့် တွံတေးမြို့ကို ဆက်သွယ်ပေးမည့် တံတားဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ၂၅ရက်က ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော အကြိမ်(၂၀)မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ပထမဆုရရှိသွားသော စင်အမှတ်(၃) မြတ်လေးစင်(အင်္ဂါသမာဓိသန့်ရှင်းရေးအသင်း) ပါဝင်ယှဉ်ပြိုင်ခဲ့စဉ်။** (သတင်းစဉ်)

# အမျိုးသားသင့်မြတ်စည်းလုံးရေး ကောင်းမွေတွေပေးသွားနိုင်ဖို့

**အောင်မိုးခံ**

မြန်မာနိုင်ငံမှာ ၁၉၈၈ခုနှစ်နောက်ပိုင်း ကျင့်သုံးသွားရမယ့်တစ်ခုတည်းသော လမ်းစဉ်ဟာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်လာတဲ့ တပ်မတော်အစိုးရရဲ့ လက်တွဲ ဆောင်ရွက်သွားရေး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဒီမိုကရေစီရေးလမ်းစဉ်ပဲ ဖြစ်ပါတယ်။

ဒီလမ်းစဉ်ကို လျှောက်လှမ်းနိုင်ဖို့အတွက် တပ်မတော်အစိုးရဟာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးပြီး ၁၉၉၀ပြည့်နှစ်မှာ ပါတီစုံရွေးကောက်ပွဲ ကျင်းပပေးခဲ့ပါတယ်။ ရွေးကောက်ပွဲမှာ အများဆုံး အရွေးချယ်ခံရတဲ့ ပါတီအဖွဲ့အစည်းတွေဟာ တည်ဆဲတပ်မတော်အစိုးရနဲ့ ညှိနှိုင်းပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးကို လက်တွဲဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲမှာ အများဆုံးရွေးချယ်ခံရတဲ့ ပါတီအဖွဲ့အစည်းတွေဟာ မစေ့စပ်ရေး၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး၊ ချက်ချင်းအာဏာလွှဲရေးလမ်းကို တစ်ဖက်သတ်ရွေးချယ် ကျင့်သုံးလာခဲ့ပါတယ်။ ဒါ့ကြောင့် ဒီကနေ့တိုင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် နှောင့်နှေးကြန့်ကြာနေခဲ့ရတာ ဖြစ်ပါတယ်။ ဒီကြားထဲမှာ ပြည်ပနိုင်ငံကြီးအချို့ရဲ့ ဝင်ရောက်သွေးထိုးမှု၊ တစ်ဖက်သတ် စွက်ဖက်ဖိအားပေးမှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှုလုပ်ရပ်တွေဟာလဲ ဆူးငြောင့်ခလုတ်သဖွယ် ကြုံလာရပြန်ပါတယ်။

မြန်မာနိုင်ငံမှာ တပ်မတော်အစိုးရ ဘာကြောင့် ပေါ်ပေါက်လာရသလဲဆိုတာကို အကျိုးအကြောင်း ဆက်စပ်ကြည့်ရမှာ ဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးသမိုင်းရဲ့ လိုအပ်ချက်အရ ပေါ်ပေါက်လာရတာ ဖြစ်ပါတယ်။

၁၉၈၈ခုနှစ် အရေးအခင်းဟာ ဦးတည်ရာမဲ့ မပြတ်မသားနဲ့ အထိမ်းအကွပ်မရှိဘဲ မင်းမဲ့စရိုက်တွေ လွှမ်းမိုးကြီးစိုးလာခဲ့ပါတယ်။ ပြည်သူတွေလဲ ကျီးလန့်စာစားဘဝကို ရောက်လာခဲ့ရတယ်။ သူတစ်လူငါတစ်မင်းနဲ့ နိုင်ငံပြိုကွဲမယ့် အန္တရာယ်ကြုံလာတယ်။ ဒီအချိန်မှာ ဘယ်အဖွဲ့အစည်း၊ ဘယ်ခေါင်းဆောင်ကမျှ မထိန်းသိမ်းနိုင်တော့တဲ့အတွက် စည်းလုံးညီညွတ်မှုအရှိဆုံး အမျိုးသားတပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဝင်ရောက် ထမ်းဆောင်လာခဲ့ရပါတယ်။ အမှန်တော့ ၁၉၈၈ခုနှစ် အရေးအခင်းဟာ ဗဟိုက ချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်သို့ ဦးတည်ဖြစ်ပေါ်ခဲ့ပေမယ့် အဖျက်အမှောင့်လုပ်ရပ်တွေ၊ မင်းမဲ့စရိုက်ဆိုးတွေရဲ့ အလွှမ်းမိုးခံလာရတဲ့အတွက် လူ့သမိုင်းဖြစ်ပေါ်တိုးတက်ရေးတာဝန်ကို စည်းစနစ်အရှိဆုံးသော တပ်မတော်က ဝင်ရောက် ထမ်းဆောင်လာခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့လို ဒီမိုကရေစီနိုင်ငံထူထောင်ရေး အုတ်မြစ်ကိုချခဲ့တာဟာ တပ်မတော်သာဖြစ်ပါတယ်။

စစ်အစိုးရဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးကြွေးကြော်နေတဲ့ပြည်တွင်းပြည်ပ အင်အားစုတွေသာ ဒီသမိုင်းပေးတာဝန်ကို လက်တွဲထမ်းဆောင်နိုင်ခဲ့မယ်ဆိုရင် အခုလို အချိန်မလင့်ဘဲ ဒီမိုကရေစီနိုင်ငံထူထောင်ရာမှာ ဝေဒနာပွန်းတီးမှုအနည်းဆုံးနဲ့ အသွင်ကူးပြောင်းနိုင်ခဲ့မှာ ဖြစ်ပါတယ်။

တပ်မတော်အစိုးရ(နဝတ)တက်ခါစမှာ ဝန်ကြီးချုပ်ဟောင်းဦးနုရဲ့ ဒေသဆိုင်ရာ စင်ပြိုင်အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းရေးနှိုးဆော်ချက်တွေကို လူထုက မလိုက်နာခဲ့ကြပါ။ အလားတူပင် NLD ခေါင်းဆောင်အချို့ရဲ့ သပိတ်မှောက်ဖို့ နှိုးဆော်မှုတွေကိုလဲ ဘယ်သူကမျှ မလိုက်နာခဲ့ကြပါ။ ဒါတွေဟာ ပကတိဘဝနဲ့ မကိုက်ညီလို့ ဖြစ်ပါတယ်။ အစွန်းရောက် ဆန့်ကျင်မှုတွေဖြစ်နေလို့ ဖြစ်ပါတယ်။

ဒီအချိန်ကစပြီး ပြည်သူတွေဟာ အစိုးရနဲ့ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးလမ်းကို ကျောခိုင်းခဲ့ကြပါတယ်။ ပြည်ပရောက်အစိုးရဆန့်ကျင်ရေး အဆိုးမြင်ဝါဒီများရဲ့ လှုံ့ဆော်မှုတွေကိုလဲ ပြည်သူတွေက အစဉ်တစိုက် ဆန့်ကျင်ခဲ့ကြပါတယ်။ ဒီသွေးထိုးလှုံ့ဆော်မှုတွေဟာ မိမိတို့ပြည်သူတွေအဖို့ ကောင်းကျိုးမဟုတ်၊ ဆိုးကျိုးတွေသာဖြစ်တယ်။ မစားရတဲ့အမဲ သဲနဲ့ပက်တာသာ ဖြစ်တယ်ဆိုတာကို ကိုယ်ပိုင်အတွေ့အကြုံနဲ့ ဆင်ခြင်နားလည်လာကြလို့ ဖြစ်ပါတယ်။

မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မယ်ဆိုရင်လဲ မြန်မာနိုင်ငံဟာ ဒုတိယကမ္ဘာစစ်ကြီး အဝင်အထွက်ဒဏ်ကို နှစ်ကြိမ်တိုင် မရှုမလှခံခဲ့ရတယ်။ ဒီနောက် နိုင်ငံကို ပြန်လည်ထူထောင်ရမယ့်အစား နယ်ချဲ့ပယောဂကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမီးအနံ့အပြား လောင်ကျွမ်းလာပြန်တယ်။ ဒီမီးကိုလဲ တပ်မတော်ကပင် ငြိမ်းခဲ့ရတာဖြစ်ပါတယ်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင်လဲ ဗဟိုက ချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ရဲ့ အကျပ်အတည်းကို ကြုံလာခဲ့ရပြန်ပါတယ်။ ဒီကနေ့ တပ်မတော်အစိုးရခေတ်ကျမှ နယ်စပ်ဒေသပါမကျန် တည်ငြိမ်အေးချမ်းစွာ ဈေးကွက်စီးပွားရေးစနစ် ထွန်းကားလာခဲ့တယ်။ အခြေခံလူမှုဘဝတွေ ဘယ်ခေတ်ဘယ်အခါနဲ့မျှ မတူအောင် ပြောင်းလဲတိုးတက်လာခဲ့တယ်။ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေလဲ ဥပဒေဘောင်အတွင်းသို့ မကြုံစဖူး ဝင်ရောက်လက်တွဲလာခဲ့တယ်။

**သို့သော်လဲ NLD ပါတီနဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းအချို့ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီဖွဲ့စည်းပြီး တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုပါတယ်။ နိုင်ငံရေးအဓိပ္ပာယ်အရ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ ဖွဲ့စည်းတာဟာ တည်ဆဲအစိုးရကို အသိအမှတ်မပြုတဲ့ သဘောသက်ရောက်ပြီး တွေ့ဆုံဆွေးနွေးဖို့ တောင်းဆိုတာဟာ အသိအမှတ်ပြုတဲ့သဘော သက်ရောက်ပါတယ်။ ဒါဟာ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် လမ်းစဉ်ဖြစ်ပါတယ်။ အဲဒီလို ချမှတ်ကျင့်သုံးနေတဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်လမ်းစဉ်ရဲ့ အကြောင်းတရားကြောင့် နားလည်ပေါင်းစည်းလို့ မရနိုင်ခဲ့ပါဘူး။ တကယ်လို့သာ NLD ပါတီက အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေး ပူးပေါင်း ဆောင်ရွက်ရေး လမ်းစဉ်တစ်ခုတည်းကိုသာ ချမှတ်ကြိုးပမ်းမယ်ဆိုရင် နားလည်အဆင်ပြေမှု မရနိုင်စရာမရှိဘူးလို့ယူဆရပါတယ်။ အဲဒီတုန်းက NLD ပါတီ ခေါင်းဆောင်တွေရဲ့ ခရီးစဉ်များမှာ နိုင်ငံတော်အစိုးရက လုံခြုံရေးနဲ့ လမ်းပန်း ဆက်သွယ်ရေးအဆင်ပြေအောင် ကူညီစောင့်ရှောက်ခဲ့တယ်။ ဆည်မြောင်းတာတမံ စီမံကိန်းအချို့ကိုလဲ NLD ပါတီခေါင်းဆောင်တွေကို အရေးကြီးပုဂ္ဂိုလ်များအဆင့်နဲ့ ဖိတ်ခေါ်ပြခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ နိုင်ငံတော်အစိုးရရဲ့ လက်တွေ့ကျတဲ့ အမျိုးသားသင့်မြတ်စည်းလုံးရေး ကြိုးပမ်းမှုဖြစ်ပါတယ်။ ဒီအပေါ်မှာ NLD ဟာ သူ့ရဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် လမ်းစဉ်ကြောင့် အပြုသဘော မတုံ့ပြန်နိုင်ခဲ့ပါဘူး။ ဒါ့အပြင် ကာလတစ်လျှောက်လုံးမှာ ပြည်ပသွေးထိုးမှုများဟာလဲ အမျိုးသား သင့်မြတ်စည်းလုံးရေးအတွက် ကြီးမားတဲ့ အဟန့်အတားနဲ့ အန္တရာယ်ကိုဖြစ်စေခဲ့တယ်ဆိုတာ တွေ့ရပါတယ်။**

ဒီကနေ့လို အချိန်အခါမျိုးမှာ ပြည်တွင်းပြည်ပ အင်အားစုအချို့ရဲ့ တည်ငြိမ်မှု ပျက်ပြားအောင်ဖန်တီးမှု၊ အထူးသဖြင့် ပြည်ပနိုင်ငံကြီးအချို့နဲ့ သတင်းဌာန အချို့ရဲ့ ပြည်တွင်းစည်းလုံးမှု ပြိုကွဲအောင် သွေးထိုးဖန်တီးမှုတွေ၊ စီးပွားဖျက် ပိတ်ဆို့အရေးယူမှုတွေ၊ လူသားချင်းစာနာတဲ့ အကူအညီဖြတ်တောက်မှုတွေကို ပြည်သူတွေက မလိုလားတော့ပါ။ အာဖဂန်နစ္စတန်နဲ့ အီရတ်တို့အပေါ် အမေရိကန်နှင့် အနောက်အုပ်စုအပေါင်းပါတို့ တင်ပို့ခဲ့တဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး(လောကငရဲ) အဖြစ်ဆိုးတွေအပေါ်မှာလဲ ပြည်သူတွေက ဆင်ခြင်သုံးသပ် သတိချပ်နိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။

ဒါကြောင့်လဲ ဒီကနေ့ မြန်မာနိုင်ငံမှာ မိမိတို့ရဲ့လူမှုဘဝနဲ့ ကိုက်ညီတဲ့ မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး တည်ငြိမ်အေးချမ်းစွာ ဒီမိုကရေစီ နိုင်ငံတော် ထူထောင်နေတာ ဖြစ်ပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုတွေ လက်တွဲ အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။

**"လူ့အဖွဲ့အစည်းတွေဟာ မိမိသမိုင်းကို မိမိဖန်တီးတယ်။ ဒါပေမယ့် သူတို့ စိတ်အလိုဆန္ဒရှိတိုင်း မဖန်တီးနိုင်ပါ။ သူတို့စိတ်ကြိုက် အခြေအနေတွေကို မဖန်တီးနိုင်ပါ။ အတိတ်က လက်ဆင့်ကမ်းပေးလိုက်တဲ့ အခြေအနေတွေအောက်မှာသာ ဖန်တီးရတာဖြစ်တယ်"** လို့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒတရားက ဆိုပါတယ်။ ဒါကြောင့် ဒီမိုကရေစီနိုင်ငံဆိုတာ နတ်ရေကန်ထဲ ပစ်ချလိုက်သလို ချက်ချင်းဖြစ်မလာပါ။ အချိန်ယူ ထူထောင်ရတာ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံကို ဖြစ်သလို၊ ကြုံသလို ထူထောင်မယ်ဆိုရင် ဗြိတိသျှစာရေးဆရာကြီး ဂျော့ဘားနတ်ရှောပြောသလို **"ဒီမိုကရေစီဆိုတာ မသိနားမလည်သူများက ကိုယ်ကျိုးရှာမယ့် လူတစ်စုကို ရွေးချယ်ခြင်း (Democracy is the Election, by the Ignorance for the corrupted Fews)"** ဆိုတာမျိုး ဖြစ်သွားနိုင်ပါတယ်။

**ဒါကြောင့် ဒီကနေ့လို မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်နေချိန်တွင် ပြည်တွင်းပြည်ပရှိ စိတ်ကူးယဉ် ဒီမိုကရေစီ အင်အားစုတွေဟာ နိုင်ငံတော် ကောင်းရာကောင်းကျိုးအတွက် အပြုသဘော ပူးပေါင်းဆောင်ရွက်မယ်၊ အမျိုးသားအင်အားစုချင်း ကျောချင်းကပ် ရင်ချင်းအပ် ဆောင်ရွက်မယ်၊ အားနည်းချက် အားသာချက်များကို အပြုသဘော ဝေဖန်အကြံပြု သွားမယ်ဆိုတဲ့ ခံယူချက်နဲ့ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံး ရေး ကြိုးပမ်းသွားကြဖို့ ဖြစ်ပါတယ်။**

အဲဒီလိုမဟုတ်ဘဲ မိမိတို့အသာစီးရဖို့ ရည်ရွယ်ချက်နဲ့ ပြည်သူကို ခုတုံးလုပ်ပြီး တည်ဆဲတပ်မတော်အစိုးရအပေါ် ထိပ်တိုက်ရင်ဆိုင်တဲ့နည်း၊ ပြည်ပနိုင်ငံကြီးအချို့က ပိတ်ဆို့အရေးယူ ဖိအားပေးတဲ့နည်းတွေကိုသာ အားကိုးအားထားပြုပြီး ဆက်လက်ကျင့်သုံးနေမယ်ဆိုရင် နိုင်ငံလဲ မငြိမ်းမချမ်းဖြစ်မယ်၊ မိမိတို့အင်အားစုတွေလဲ ကျေပြုန်းပြီး အထီးကျန်ဖြစ်လာကာ နှောင်လာနောက်သားများအတွက် ကောင်းမြတ်တဲ့ အမျိုးသား စည်းလုံးညီညွတ်ရေးအမွေထားရစ်နိုင်မယ် မဟုတ်ပါ။ **ဒါကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်နေတဲ့ အခုလို အခါသမယမှာ ပါဝင်ပူးပေါင်းဆောင်ရွက်ရင်း အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ကောင်းမွေတွေ ပေးသွားနိုင်ဖို့ အထူးတလည် တင်ပြတိုက်တွန်းလိုက်ရပါတယ်။ ။**

ဒါကြောင့် ဒီကနေ့လို မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော် ထူထောင်နေချိန်တွင် ပြည်တွင်းပြည်ပရှိ စိတ်ကူးယဉ် ဒီမိုကရေစီ အင်အားစုတွေဟာ နိုင်ငံတော် ကောင်းရာကောင်းကျိုးအတွက် အပြုသဘော ပူးပေါင်းဆောင်ရွက်မယ်၊ အမျိုးသားအင်အားစုချင်း ကျောချင်းကပ် ရင်ချင်းအပ် ဆောင်ရွက်မယ်၊ အားနည်းချက် အားသာချက်များကို အပြုသဘော ဝေဖန်အကြံပြု သွားမယ်ဆိုတဲ့ ခံယူချက်နဲ့ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေး ကြိုးပမ်းသွားကြဖို့ ဖြစ်ပါတယ်။



ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးသစ်ကြီးမှ (၂၈)ကြိမ်မြောက် မိသားစု မဟာဘုံကထိန် သင်္ကန်းကပ်လှူပွဲကို နိုဝင်ဘာ ၂၁ ရက်က အင်းစိန်မြို့ ဈေးကုန်း ပရိယတ္တိစာသင်တိုက် ဥဩကျောင်းပရာ ဗိုလ်ချုပ်ဈေးသစ် ကထိန်ကော်မတီ ဥက္ကဋ္ဌ ဦးရဲဒင်က ကထိန်ပစ္စည်းနှင့် အလှူငွေကျပ် ၃၈၅၀၀၀၀ကို စာသင်တိုက်ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းသို့ ပေးအပ်စဉ်။ (က-ပ)



နိုဝင်ဘာ ၂၁ ရက်က သင်္ဃန်းကျွန်း မြို့နယ် (ဆ/ခ) ရပ်ကွက် ကျိုက်ဒေးယျုံ အာနန္ဒာစေတီတော် ဓမ္မာရုံ၌ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်သန်းဦးက မီးဘေးကြိုတင်ကာကွယ်တားဆီးရေး စီမံချက်အရ ပညာပေး ဟောပြောရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးသမားတော်ကြီး(တပ်မတော်-အငြိမ်းစား)ဆရာကြီးဦးရှိန်းက ဒေသအရန်မီးသတ်တပ်ဖွဲ့သို့ အလှူငွေကျပ်ငါးသောင်းပေးအပ်လှူဒါန်းရာ ဒုတိယတပ်ခွဲမှူးအောင်သိန်း လက်ခံယူစဉ်။ (က-ပ)

# အာဆီယံငြိမ်းချမ်းရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု စီမံချက် ထိပ်သီးအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များ လက်မှတ်ရေးထိုးကြမည်

မနီလာ နိုဝင်ဘာ ၂၆

**ဒေသအတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေမည့်လုပ်ငန်း ဆောင်ရွက်မှုစီမံချက် တစ်ရပ်ကို ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာဂါပါဂါးလ်အာယိုရိုနှင့်အခြားအရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ခေါင်းဆောင်များက လာမည့်သတင်းပတ်တွင် လက်မှတ်ရေးထိုး ပြဋ္ဌာန်းကြမည်ဖြစ်သည်။**

## ကိုးကားဖော်ပြ

အာဆီယံလုံခြုံရေး အသိုက်အဝန်း(အေအက်စ်စီ)လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်လက်မှတ်ရေးထိုးမှုကိုဗီယင်ကျန်း၌ကျင်းပသော (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွင်း ပြုလုပ်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဌာနမှ ကိုးကားလျက် ဖိလစ်ပိုင်သတင်းဌာနက သောကြာနေ့၌ဖော်ပြခဲ့သည်။

## ဥပဒေလေးစားလိုက်နာ

အေအက်စ်စီအခြေခံဖွဲ့စည်းမှုအရ အာဆီယံခေါင်းဆောင်များက ကျယ်ပြန့်သောနိုင်ငံရေး၊စီးပွားရေး၊လူမှုရေးနှင့်ယဉ်ကျေးမှုလက္ခဏာသွင်ပြင်ရှိကြောင်း လက်ခံကြသည်။ ထို့ပြင်ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် အခြားနိုင်ငံတကာဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာမည်ဖြစ်ကြောင်းလည်း အာဆီယံခေါင်းဆောင်များက သန္နိဋ္ဌာန်ပြုခဲ့ကြသည်။ **(အင်တာနက်)**



**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ မင်္ဂလာအခမ်းအနားဝတ်စုံ ကုန်စည်ပြပွဲတွင် ပြသထားသော သတို့သမီး ဝတ်စုံများကို နိုဝင်ဘာ၁၈ ရက်က တွေ့ရစဉ်။**

(တရုတ်လူမျိုးများသည် ယခုအခါ မင်္ဂလာဆောင်အခမ်းအနားများကို ပိုမိုခမ်းနားစွာ ကျင်းပလာကြသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

# ပေကျင်း၌လိုက်ခေါင်းနှင့်မြေအောက်ဥမင်စီမံကိန်း ဆွေးနွေးပွဲကျင်းပ တရုတ်မြို့ပြအင်ဂျင်နီယာအဖွဲ့နှင့်အခြားကျွမ်းကျင်သူများ တက်ရောက်

ပေကျင်း နိုဝင်ဘာ ၂၇

**တရုတ်နိုင်ငံ ပေကျင်းမြို့တွင် လိုဏ်ခေါင်းများနှင့် မြေအောက်ဥမင် စီမံကိန်းများဆိုင်ရာ တွေ့ဆုံဆွေးနွေး ပွဲကိုကျင်းပလျက်ရှိရာ တရုတ်မြို့ပြ အင်ဂျင်နီယာဆိုင်ရာ အဖွဲ့အစည်းနှင့် အခြားသော ကျွမ်းကျင်သူများတက်ရောက်ခဲ့ကြသည်။**

ယင်းစီမံကိန်းများသည် မြို့ပြလမ်းများကျပ်တောင့်ပိတ်ဆို့မှုနှင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေသော ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်သည်ဟု တက်ရောက်လာသူများက ပြောကြားခဲ့ကြသည်။

## အာရုံစိုက်

လူဦးရေတိုးတက်လာမှုနှင့် မြေနေရာကျဉ်းမြောင်းလာမှုတို့က ဖွံ့ဖြိုးတိုးတက်လာမှုကို ထိခိုက်နိုင်လာနိုင်ခြင်းကြောင့် တရုတ်နိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားသည် မြေအောက်တွင် အဆောက်အအုံများ ဆောက်လုပ်လာနိုင်ရန် အာရုံစိုက်လာကြသည်။

မြေအောက်၅မီတာမှ မီတာ၂၀အထိအနက်ကို ရထားလမ်းများနှင့်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် မီတာ၂၀မှ မီတာ၃၀အောက်ကို ကုန်ပစ္စည်းများ သိုလှောင်ရာတွင် အသုံးပြုရန်စသည့် မြေအောက်တွင် အဆောက်အအုံများ ဆောက်လုပ်ရန် နည်းလမ်းအသွယ်သွယ်ကိုရှာဖွေရရှိနိုင်မည်ဟု ကျွမ်းကျင်သူများက မျှော်လင့်ထားကြသည်။

## ဆွေးနွေး

မြေအောက်တွင် ရထားလမ်းများ၊ ကားလမ်းများနှင့် မြို့ပြတည်ဆောက်ရေးအတွက် ဆောက်လုပ်ရေးနှင့် နည်းပညာများကို တက်ရောက်လာကြသူများက ဆွေးနွေးလျက်ရှိကြောင်းသိရသည်။ **(စီစီတီဗွီ)**

# နိုင်ငံတကာ သတင်းများ

# အိန္ဒိယ–မလေးရှား ကုန်သွယ်ရေးတိုးမြှင့်ရန် ဇန်နဝါရီလတွင် အစည်းအဝေးကျင်းပမည်

ချင်နေး နိုဝင်ဘာ ၂၆

**အိန္ဒိယနှင့် မလေးရှားနိုင်ငံတွင် ပေါ်ပေါက်လာသော စီးပွားရေးအခွင့်အလမ်းများ အထူးသဖြင့် ပြန်ကြားရေးဆက်သွယ်မှုနည်းပညာ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုဖြစ်စဉ်နှင့် ဇီဝနည်းပညာကဏ္ဍများနှင့်ဆိုင်သော နှစ်ရက်ကြာ ညီလာခံကို မလေးရှားနိုင်ငံ၌ လာမည့်ဇန်နဝါရီလတွင် ကျင်းပသွားမည် ဖြစ်သည်။**

အိန္ဒိယစက်မှုလုပ်ငန်းသည် မလေးရှားနိုင်ငံနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့နိုင်ရန်အတွက် ညီလာခံကို အကျိုးရှိစွာ အသုံးချနိုင်ကြောင်း အမျိုးသား အက်စ်အမ်အိုင် ညှိနှိုင်းဆောင်ရွက်မှုဌာနဥက္ကဋ္ဌ ချောကျူမင်က ပြောကြားသည်။

မလေးရှားနိုင်ငံသည် အာဆီယံတွင် အိန္ဒိယနိုင်ငံ၏ပထမဆုံးနှင့် အဓိက ပေါင်းဖော်ဖက်ဖြစ်ကြောင်းလည်း ၎င်းက သတင်းစာရှင်းပွဲ၌ ပြောကြားသည်။

မလေးရှား–တရုတ် နှစ်နိုင်ငံကုန်သွယ်မှုသည် (အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံ)ရှိပြီး လျင်မြန်စွာ ကြီးထွားလာခဲ့သည်။ အိန္ဒိယနိုင်ငံ၌ မလေးရှားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုသည် အခြေခံ အဆောက်အအုံ၊ရေနံ၊ လျှပ်စစ်ဓာတ်အား၊ ကြေးနန်းဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် လူသားအရင်းအမြစ်များကဲ့သို့ ကဏ္ဍများတွင် (အမေရိကန်ဒေါ်လာ သန်း ၄၅၀) ကျော်မျှဖြစ်သည်။မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံကုန်သွယ်မှုသည် (ဒေါ်လာ ၄ဘီလီယံ)ရှိကြောင်း မလေးရှားနှင့် တရုတ်ကုန်သွယ်မှုနှင့် နှိုင်းယှဉ်လျက် မစ္စတာမင်က ပြောကြားသည်။ **(အင်တာနက်)**

# ဆော်ဒီအာရေဗျနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတိုးတက်

အဘူဒါဘိုင် နိုဝင်ဘာ ၂၇

**ဆော်ဒီအာရေဗျနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၁၉၉၈ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ဟန်ချက်ညီညီ တိုးတက်ခဲ့ကြောင်း အာရပ်နယူးစ်နေ့စဉ်ထုတ် သတင်းစာက သောကြာနေ့တွင် ဖော်ပြသည်။**

ဆော်ဒီအာရေဗျနိုင်ငံ၏အထွေထွေ စာရင်းအင်းဗျူရိုက ထုတ်ပြန်သည့် စာရင်းတွင် ဖော်ပြထားရာ၌ ၁၉၉၈ ခုနှစ်တွင်အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံမှ ၂၀၀၃ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၃ ဘီလီယံ အထိ ကုန်သွယ်မှုပမာဏတိုးတက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ ပြည်ပပို့ကုန်သည် ၂၀၀၃ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ စင်ကာပူ၊တရုတ်၊ နယ်သာလန်၊ ယူအေအီးနှင့် အီတလီနိုင်ငံများသို့ ၆၉ရာခိုင်နှုန်းနီးပါး ပို့ဆောင် ပေးခဲ့ကြောင်း အဆိုပါ စာရင်းအင်းတွင် ဖော်ပြထားသည်။ ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ပြည်ပသို့အဓိကတင်ပို့သောပို့ကုန်များမှာ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ အီသိုင်းဓာတ်ငွေ့၊ ရေနံထုတ်ကုန်များ၊ ဓာတုဗေဒ ပစ္စည်းများနှင့် ရွှေသတ္တုရိုင်းများဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသို့ ကုန်ပစ္စည်းများ တင်သွင်းမှုမှာ ၁၉၉၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၂၅ဘီလီယံသာရှိရာမှ ၂၀၀၃ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၃၆ ဒသမ ၉ဘီလီယံအထိမြင့်တက်လာခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံသို့ ကုန်ပစ္စည်း များအဓိကတင်ပို့သော နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဂျာမနီ၊ တရုတ်၊ ဗြိတိန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊စင်ကာပူ၊ နယ်သာလန်၊ ယူအေအီး၊ အီတလီ၊ ပြင်သစ်နှင့် ဩစတြေးလျတို့ဖြစ်ကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**အင်ဒိုနီးရှားနိုင်ငံ အန်ကိုလ်ကမ်းခြေ တွင် နိုဝင်ဘာ ၁၅ရက်က အားလပ်ရက်၌ အင်ဒိုနီးရှားလူမျိုး ထောင်ပေါင်းများစွာပျော်ရွှင်စွာ ရေကူးဆော့ကစားလျက်ရှိကြသည်ကို တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# စင်ကာပူနှင့် ထိုင်းနိုင်ငံ အက်ဖ်တီအေအချိန်ဇယား ဆောလျင်စွာ သဘောတူညီဖွယ်ရှိ

ဗီယင်ကျန်း လာအို နိုဝင်ဘာ ၂၇

**စင်ကာပူနှင့် ထိုင်းခေါင်းဆောင်များသည် ဒေသတွင်းတစ်ခုတည်းသော ဈေးကွက်အတွက် ဆောလျင်သော အချိန်ဇယားတစ်ခုကို လာမည့်ထိပ်သီးအစည်းအဝေး၌ ယင်းတို့၏ အာဆီယံခေါင်းဆောင်များနှင့် သဘောတူညီကြလိမ့်မည်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ အတွင်းရေးမှူးချုပ်အွန်ကင်ရောင်က သောကြာနေ့တွင် ဗီယင်ကျန်း၌ ပြောကြားလိုက်သည်။**

## တစ်ခုတည်းသောဈေးကွက်

စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ထိပ်သီးအစည်းအဝေး၌ အဆိုပါဆွေးနွေးမည့်အကြောင်းအရာများကို မြှင့်တင်ခဲ့လျှင်ယင်းတို့သည် အခြားသော အာဆီယံနိုင်ငံများနှင့် သဘောတူညီချက်ကို ရရှိစေလိမ့်မည်ဖြစ်ကြောင်း အာဆီယံအတွင်းရေးမှူးချုပ်က သတင်းထောက်များအား ပြောကြားသည်။ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ကြီးမားသော ကုန်သွယ်မှု နိုင်ငံကြီးများဖြစ်ကြသည်။ သို့ရာတွင်ယင်းနိုင်ငံများသည်လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံကဲ့သို့ ကုန်သွယ်မှုပမာဏနည်းပါးသော နိုင်ငံများအဖြစ် ရှိနေဆဲပင်ဖြစ်ကြောင်း ၎င်းကဆင်ဟွာသတင်းသို့ ပြောကြားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များသည် တနင်္လာနေ့တွင် လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်းသို့ ရောက်ရှိမည်ဖြစ်ပြီး အင်္ဂါနေ့တွင် ကျင်းပမည့် (၁၀)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးလွတ်လပ်မှု အောင်မြင်မှုရရှိစေရန် ၂၀၂၀အချိန်ဇယား တစ်ရပ်ကို အရှိန်အဟုန်မြှင့်ကြလိမ့်မည်ဟု မျှော်လင့်ရသည်။ ကုန်သွယ်ရေးလွတ်လပ်မှုသဘောတူညီချက် (အက်ဖ်တီအေ)ကို အကောင်အထည်ဖော်နေသကဲ့သို့ တစ်နှစ်လျှင် စုစုပေါင်း ကုန်သွယ်မှုပမာဏ (အမေရိကန်ဒေါ်လာ ၇၂၀ဘီလီယံ)ဖိုးရှိ တစ်ခုတည်းသော ဈေးကွက်ဖြစ်လာစေရန်လည်း စီစဉ်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



## ကန်တို့ အီရတ်၌ အစုအပြုံလိုက် သတ်ဖြတ်မှုများ ပြုလုပ်နေဟုဆို

**အင်ကာရာ နိုဝင်ဘာ ၂၇**

အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တို့၏ပေါ်လစီနှင့်ပတ်သက်ပြီး တူရကီနိုင်ငံတွင် ဆန့်ကျင်မှုများ ပိုမိုများပြားလျက်ရှိရာ တူရကီပါလီမန်ရှိ လူ့အခွင့်အရေးအုပ်စုကပြောကြားရာတွင် အီရတ်နိုင်ငံ၌ အမေရိကန်တို့အနေဖြင့် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်နေခြင်းသည် အဒေါ့ဖ်ဟစ်တလာထက် ပိုမိုဆိုးရွားနေကြောင်း စွပ်စွဲပြောကြားသည်။

ထိုသို့ တူရကီက စွပ်စွဲပြောကြားမှုနှင့်ပတ်သက်ပြီး တူရကီရှိ အမေရိကန်သံရုံးက ပြောကြားရာတွင် တူရကီတို့အနေဖြင့် ၎င်းကဲ့သို့ ပြောကြားခြင်းသည် တူရကီနှင့် အမေရိကန်ဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေနိုင်ကြောင်း ပြောကြားခဲ့သည်။

အီရတ်ကို ကျူးကျော်တိုက်ခိုက်ခြင်းသည် ရက်စက်ကြမ်းကြုတ်မှုဖြစ်ကြောင်း တူရကီပါလီမန်၏ လူ့အခွင့်အရေး ကော်မရှင်အကြီးအကဲ မီမက်အီလ်ကတ်မစ်က ပြောကြားကြောင်း သောကြာနေ့ထုတ် ရီနီဆာဖက်ခ် သတင်းစာက ဖော်ပြသည်။

**စွပ်စွဲ**

အီရတ်နိုင်ငံ ဖလူးဂျာမြို့တွင် မကြာမီက အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ရေးအရ အကြီးအကျယ်တိုက်ခိုက်ခဲ့မှုကြောင့် အီရတ်ပြည်သူများ သေဆုံးရပြီး အဆောက်အအုံများစွာ ပျက်စီးခဲ့ရမှုအပေါ် တူရကီနိုင်ငံက စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ ဖလူးဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကြောင့် စာသင်ကျောင်းများ၊ အဆောက်အအုံများ ပျက်စီးခဲ့ရခြင်းနှင့်ပတ်သက်ပြီး အမေရိကန်တို့ကို တူရကီက စွပ်စွဲပြောကြားခဲ့ခြင်း ဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

## နိုဝင်ဘာ ၂၇ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၂၃၆ဦး ရှိပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက် ရှိကြသည်။**

**သေဆုံး**

နိုဝင်ဘာ ၂၇ရက် စနေနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၂၃၆ ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၉၆၁ ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုး၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၀၉၈ ဦးဖြစ်ပြီး ယင်းအနက် ၈၅၂ ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**



## အမေရိကန် အရပ်ဘက်အရာရှိတစ်ဦး ဘဂ္ဂဒက်၌ သေနတ်ပစ်ခံရပြီး သေဆုံး

**ဝါရှင်တန် နိုဝင်ဘာ ၂၇**

အမေရိကန် အရပ်ဘက်အရာရှိတစ်ဦး ဘဂ္ဂဒက် အစိမ်းရောင်ဒေသအနီး၌ ဗုဒ္ဓဟူးနေ့က သေနတ်ပစ်ခံရပြီး သေဆုံးသွားကြောင်း အမေရိကန်အရာရှိတစ်ဦးက ပြောကြားသည်။

**အကြံပေး**

သေဆုံးသူမှာ ဂျင်မ်မိုလင်ဖြစ်ကြောင်း၊ အီရတ် ပညာရေးဝန်ကြီးဌာန အကြံပေးအဖြစ် အလုပ်လုပ်ကိုင်နေသော အမေရိကန် နိုင်ငံခြားရေးဌာန ဝန်ထမ်းတစ်ဦး ဖြစ်ကြောင်း ၎င်းအရာရှိက ပြောကြားသည်။

**ပြောကြား**

မိုလင်မှာ သေနတ်ပစ်ခံရချိန်တွင် သူ၏ကား အတွင်း၌ ရှိနေခဲ့ကြောင်း၊ အခြေအနေ အသေးစိတ်ကို အပြည့်အစုံ မသိရကြောင်း ၎င်းအရာရှိက ပြောကြားသည်။

**တည်ရှိ**

အစိမ်းရောင်ဒေသသည် အီရတ်နိုင်ငံအား ယမန် နှစ်၌ အမေရိကန်နှင့် အပေါင်းပါများ ဝင်ရောက်ခဲ့ပြီး နောက် သိမ်းပိုက်ထားခဲ့သော ဒေသဖြစ်ပြီး လောလော ဆယ်၌ အစိုးရရုံးများအပြင် အမေရိကန်နှင့် ဗြိတိသျှ သံရုံးနှင့် အမေရိကန်တပ်ဖွဲ့များ တည်ရှိသည်။

**အမ်အင်အေ၊ ရိုက်တာ**

## အီရတ်၌ ကူးစက်ရောဂါဖြစ်ပွား၍ ၂၉ဦးသေဆုံး လူအများအပြား ကူးစက်မှုပြန့်ပွား

ဘဂ္ဂဒက် နိုဝင်ဘာ ၂၇

**လွန်ခဲ့သည့် သီတင်းပတ်အတွင်း အီရတ်နိုင်ငံတွင် ကူးစက်ရောဂါဖြစ်ပွား၍ ၂၉ဦး သေဆုံးခဲ့ပြီး အခြားလူအများအပြား ကူးစက်ပြန့်ပွားနေကြောင်း အယ်လ်နာဒါ သတင်းစာက ကြာသပတေးနေ့၌ ပြောကြားသည်။**



ကူးစက်ရောဂါအမျိုးမျိုး ကူးစက်မှု ဖြစ်ပွားခြင်းများကြောင့် ယင်းသို့ သေဆုံးခြင်းဖြစ်ကြောင်း ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာနက ပြောကြားသည်။

**မလုံလောက်**

ကူးစက်မှုများကို မြို့ကြီးများတွင် အများစုတွေ့ရှိရပြီး သောက်သုံးရေမလုံလောက်မှုနှင့် လုံလောက်စွာ ဆေးဝါး ကုသမပေးနိုင်မှုကြောင့် ယင်းသို့ ကူးစက်ဖြစ်ပွားရခြင်း ဖြစ်သည်ဟုလည်း အဆိုပါဌာနက ပြောကြားသည်။

**ကူးစက်နိုင်**

ရောဂါများသည် ကာကွယ်ဆေးများ၊ ပဋိဇီဝဆေးများ၊ သန့်ရှင်းသောရေ မပေးနိုင်လျှင်လည်းကောင်း၊ ကူးစက်ရောဂါသယ်ဆောင်လာသော ခွေးလေခွေးလွင့်များကို မသုတ်သင်နိုင်လျှင်လည်းကောင်း လျင်မြန်စွာ ကူးစက်နိုင်ကြောင်း ယင်းဌာနက သတိပေးထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

### ပျက်စီး

**ဘာကူဘာမြို့ အဝေးပြေးလမ်းမပေါ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ် တစ်စီးကို နိုဝင်ဘာ ၂၆ရက်က တွေ့ရစဉ်။**(ဓာတ်ပုံ-အင်တာနက်)

### လုံခြုံရေးစောင့်ကြပ်

**ဖလူးဂျာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၂၆ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အီရတ်၌ ဖိလစ်ပိုင်စားစာခံ လွတ်မြောက်ရေး ဖိလစ်ပိုင်အစိုးရက အစွမ်းကုန်ကြိုးပမ်းနေ

မနီလာ နိုဝင်ဘာ ၂၇

**ပြန်လွှတ်ပေးလိုက်သည့် အာဖဂန်နစ္စတန်၌ ဓားစာခံအဖြစ် အဖမ်းခံခဲ့ရသော ဖိလစ်ပိုင်လူမျိုးအား ကြိုဆိုရန် ပြင်ဆင်နေချိန်တွင် အီရတ်၌ ဖမ်းဆီးခြင်းခံခဲ့ရသည့် ဖိလစ်ပိုင်စာရင်းကိုင် ကယ်ဆယ်ရေးအတွက် အစွမ်းကုန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက ကြာသပတေးနေ့၌ အာမခံလိုက်သည်။**

အီရတ်ပြန်ပေးသမားတို့ လက်ထဲ၌ရှိနေဆဲဖြစ်သော ရောဘတ်တာရွန်ဂိုင် ကံကြမ္မာအတွက်လည်း အစိုးရက အစွမ်းကုန်ကြိုးစားလုပ်ဆောင်နေကြောင်း သမ္မတပြောခွင့်ရှိသူ အစ်ဂ်နာစီယို ဘန်ယီက ပြောကြားသည်။

**ပြန်ပေးဆွဲ**

အမည်မသိ အီရတ်ပြောက်ကျားအုပ်စုတစ်စုသည် တာရွန်ဂိုင်အား အခြားနိုင်ငံခြားသား ငါးဦးနှင့်အတူ နိုဝင်ဘာ ၁ရက်၌ ဘဂ္ဂဒက်တွင် ပြန်ပေးဆွဲသွားခဲ့သည်။

၎င်းလွတ်မြောက်ရေးအတွက် ဖိလစ်ပိုင် အရာရှိများ အီရတ်တွင် လောလောဆယ် ကြိုးပမ်းနေကြကြောင်း ဘန်ယီက ပြောကြားသည်။

**ဆုတောင်း**

ဘန်ယီက တာရွန်ဂိုင် လွတ်မြောက်ရေးအတွက် နေ့စဉ်စောင့်ကြည့် လုပ်ဆောင်နေပြီး တစ်နိုင်ငံလုံးရှိ ဖိလစ်ပိုင်လူမျိုးများနှင့်အတူ မိမိတို့ ဆုတောင်းပေးလျက်ရှိကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား ဖလူးဂျာမြို့တွင် ခုခံရေးသမားများ ပြန်လည်စုစည်းတိုက်ခိုက်နေ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၇

**အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် ဖလူးဂျာမြို့တွင် ၎င်းတို့၏တပ်ဖွဲ့ဝင်များကို ပြန်လည်စုစည်းပြီး အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား ဗုဒ္ဓဟူးနေ့မှစ၍ ပြန်လည်တိုက်ခိုက်နေကြောင်း အီရတ်ခုခံတိုက်ခိုက်ရေးသမားများက သောကြာနေ့တွင် ပြောကြားသည်။**

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် မူဂျာဟီဒင်ကောင်စီက လက်မှတ်ရေးထိုးထားသော ပြန်လည်တိုက်ခိုက်ကြောင်း ကြေညာချက်အား အစ္စလာမ်မစ် ဝက်ဘ်ဆိုက်သို့ တင်ပို့ထုတ်လွှင့်ခဲ့သည်။

## ပြန်လည်စတင်

ယင်းကြေညာချက်တွင် မူဂျာဟီဒင်ကောင်စီသည် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် သစ္စာဖောက်များ၊ အီရတ်ဝန်ကြီးချုပ်နှင့် အမေရိကန်တို့အတွက် အလုပ်လုပ်ဆောင်ပေးနေသော အပေါင်းပါများ၏ ရည်မှန်းချက်များကို ဖျက်ဆီးပစ်ရန်ရည်ရွယ်၍ ဗုဒ္ဓဟူးနေ့မှစ၍ တိုက်ခိုက်မှုများကို ပြန်လည်စတင်ခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ ဖလူးဂျာမြို့အတွင်း တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားနေကြောင်း ဒေသခံအီရတ်များက သောကြာနေ့တွင် ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**




**အီရတ်တွင် အမေရိကန်တို့ စစ်ရေးအရ အင်အားသုံးတိုက်ခိုက်နေမှုအား ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် နိုဝင်ဘာ ၂၆ ရက်က ဆန္ဒပြနေသူများကို တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)




# ဂျပန်တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၄ ရက်၌ အီရတ်မှထွက်ခွာမည်

လန်ဒန် နိုဝင်ဘာ ၂၇

**အီရတ်နိုင်ငံတွင် ပြန်လည်တည်ဆောက်ရေး တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဂျပန်တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၄ ရက်တွင် တာဝန်ပြီးဆုံး၍ အီရတ်မှ ထွက်ခွာမည်ဖြစ်ရာ ယင်းသတ်မှတ်ရက်ထက် သက်တမ်းတိုးမြှင့် တာဝန်ထမ်းဆောင်ပေးပါရန် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက တောင်းဆိုလိုက်သည်။**

အီဂျစ်နိုင်ငံတွင် အင်္ဂါနေ့က ကျင်းပပြုလုပ်ခဲ့သည့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ညီလာခံတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး နိုဘိုတာကာမာချီမိုရာနှင့် တွေ့ဆုံစဉ် ဂျက်စထရောက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

### ကူညီရန်

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မာချီမိုရာသည် ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီး ဘန်ဘော့နှင့်လည်း တွေ့ဆုံကာ အီရတ်နိုင်ငံ ဆာမာဝါမြို့တွင် လူသားချင်းစာနာထောက်ပံ့ရေးနှင့် ပြန်လည်တည်ဆောက်ရေးတာဝန်များ ထမ်းဆောင်နေသော ဂျပန်တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအတွက် ဒတ်ချ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးရန် ပြောကြားခဲ့သည်။

### ဆုံးဖြတ်ချက်ချ

သို့ရာတွင် နယ်သာလန်နိုင်ငံအနေဖြင့် ၎င်း၏တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ မတ်လအတွင်း ပြန်လည်ရုပ်သိမ်းရေး ဆုံးဖြတ်ချက် ချထားပြီးဖြစ်ကြောင်းနှင့် ဆာမာဝါမြို့ အခြေအနေမှာ တည်ငြိမ်မှု ရရှိနေဆဲ ဖြစ်သည်ဟု မိမိထင်မြင်ကြောင်း ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီး ဘန်ဘော့က ပြောကြားသည်။ **(အင်န်အိပ်ချ်ကေ)**

# အနာဂတ်အင်တာနက် မဟာဗျူဟာ ဆွေးနွေးရေးအဖွဲ့ဝင် အီဂျစ်နိုင်ငံအား ရွေးချယ်ကြောင်း ကြေညာ

ကိုင်ရို နိုဝင်ဘာ ၂၇

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန် ဖွဲ့စည်းထားသော အနာဂတ်အင်တာနက် မဟာဗျူဟာများကို ဆွေးနွေးမည့် ကုလသမဂ္ဂလုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် အီဂျစ်နိုင်ငံအား ရွေးချယ်ထားကြောင်း ဆက်သွယ်ရေးနှင့် ပြန်ကြားရေးနည်းပညာဝန်ကြီးဌာန သတင်းရုပ်ကွက်တစ်ခုက ပြောကြားသည်။**

၂၀၀၅ ခုနှစ် အင်တာနက်အတွက် စီမံခန့်ခွဲမှုစီမံချက်ကို မူကြမ်းရေးဆွဲရန် လွန်ခဲ့သည့်နှစ်က ဂျီနီဗာတွင် ကျင်းပခဲ့သော ပြန်ကြားရေးအဖွဲ့အစည်းဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး၏ ထောက်ခံချက်ဖြင့် ထူထောင်ထားသောအဖွဲ့တွင် စီမံကိန်းဌာန ညွှန်ကြားရေးမှူး ဘာဟာအက်စ်မက်က အီဂျစ်နိုင်ငံကို ကိုယ်စားပြုမည် ဖြစ်သည်။

အဆိုပါအဖွဲ့သည် အင်တာနက်စီမံခန့်ခွဲမှု ကောက်ကြောင်းကို မူကြမ်းရေးဆွဲမည့်ပြင် အင်တာနက်နှင့်ဆက်နွယ်သော အကြောင်းအရာအားလုံးကို သတ်မှတ်ပြဋ္ဌာန်းမည် ဖြစ်သည်။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အင်တာနက်ဝန်ဆောင်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်လာခြင်းကို အသိအမှတ်ပြုရာတွင် အီဂျစ်နိုင်ငံအား အဖွဲ့ဝင်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မြောက်အမေရိက၊ ဥရောပနှင့် အာရှတိုက်ရှိသစ်တောများ သဘာဝအနေအထားပျက်စီးမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရ

ပေကျင်း နိုဝင်ဘာ ၂၇

**မြောက်အမေရိကတိုက်၊ ဥရောပနှင့် အာရှတိုက်ကြီးများတွင် ဘိုရီယိုသစ်တောများ ကျယ်ပြန့်စွာပေါက်ရောက်လျက်ရှိပြီး တောရိုင်းတိရစ္ဆာန်များ ပေါက်ဖွားကျက်စားရာ ဒေသလည်း ဖြစ်သည်။ ကနေဒါနိုင်ငံရှိ ဘိုရီယိုသစ်တောသည် ကျော်ကြားပြီး အလတ်စကာမှသည် အတ္တလန်တာသမုဒ္ဒရာအထိ ကျယ်ပြန့်သည်။ ကယ်လီဖိုးနီးယားပြည်နယ် အရွယ်အစား၏ ၁၂ ဆခန့်ကြီးမားကျယ်ပြန့်သော သစ်တောကြီးများသည် ယခုအခါ သစ်ထုတ်လုပ်ရေးကုမ္ပဏီများနှင့် ရေနံတူးဖော်ရေးကုမ္ပဏီများက မျက်စိကျလျက်ရှိကြောင်း သိရသည်။**

ကနေဒါ ဘိုရီယိုသစ်တောဧရိယာအတွင်း ဝက်ဝံများ၊ ဝံပုလွေများ၊ သမင်မျိုးစုံ၊ ရေဘဲမျိုးစုံနှင့် ငှက်များကျက်စားကြပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ခြင်းနှင့် စီးပွားဖြစ် သစ်ထုတ်လုပ်ခြင်းတို့ကြောင့် သဘာဝအနေအထားပျက်စီးရမည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ပြောကြားနေကြသည်။ သစ်ထုတ်လုပ်ငန်း၌ ခုတ်လှဲသည့်သစ်များသည် အနည်းဆုံး နှစ်တစ်ရာခန့် သက်တမ်းရှိပြီဖြစ်ပြီး စက္ကူထုတ်လုပ်ရန် ကုန်ကြမ်းများ ဖြစ်သည်။

သို့ရာတွင် သစ်ကုမ္ပဏီများက ၎င်းတို့လိုက်နာရမည့် သစ်တောဥပဒေများကို အတိအကျလိုက်နာသည့်အပြင် သစ်တောများ ပြုစုပျိုးထောင်ရာ၌လည်း အကူအညီပေးကြောင်း ချေပပြောကြားခဲ့ကြသည်။ ယခုအခါ ကနေဒါ ဘိုရီယိုသစ်တောများ၏ ဧရိယာထက်ဝက်ခန့်ကို ကာကွယ်ထိန်းသိမ်းနိုင်ရန် ကုမ္ပဏီများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများနှင့် ဒေသခံလူမျိုးနွယ်စုများ ပူးပေါင်းကာ လှုပ်ရှားမှုတစ်ရပ် ဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးအကျိုးအမြတ်နှင့် သဘာဝပတ်ဝန်းကျင်တို့ ညီမျှမှုရှိရေး ရည်ရွယ်ကာ အချို့နေရာများကို မခုတ်လှဲဘဲ သဘာဝအတိုင်း ထားရှိမည်ဖြစ်ပြီး ခုတ်လှဲဧရိယာများမှာလည်း သဘာဝအနေအထား မပျက်ယွင်းစေမည့် ခုတ်လှဲနည်းစနစ်များကို အသုံးပြုရန် ရည်ရွယ်ထားသည်။ **(စီအင်န်အင်န်)**

# ကျိုင်းကောင်တိုက်ဖျက်ရေးနည်းလမ်း အစ္စရေးကျွမ်းကျင်သူများ လေ့လာလျက်ရှိ

**တဲလ်အဗစ် နိုဝင်ဘာ ၂၇**

ဆိုက်ပရပ်စ်ကျွန်းနိုင်ငံ၌ ကန္တာရကျိုင်းကောင်များ ကျရောက်မှု အရေအတွက် ကျဆင်းလာပုံရကြောင်း သဘာဝပတ်ဝန်းကျင်ပညာရှင်များက ပြောကြားခဲ့ကြသည်။

ယခုလအတွင်း ထိုကျွန်းပေါ်သို့အနီဖျော့ရောင်ကန္တာရကျိုင်းကောင် သန်းပေါင်းများစွာ ဆင်းသက်ကျရောက်မှုကြောင့် သီးနှံများ ပျက်ဆီးမှုအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရပြီး ကာကွယ်ရေးလုပ်ငန်းများ အရေးတကြီး လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

ထို့အပြင် အစ္စရေးနိုင်ငံသို့ ကျိုင်းကောင်များ ကျူးကျော်ဝင်ရောက်လာနိုင်ခြင်းကြောင့် ယင်းကျိုင်းကောင်များ တိုက်ဖျက်ရေးဆိုင်ရာ နည်းလမ်းများကို အစ္စရေးကျွမ်းကျင်သူများက လေ့လာလျက်ရှိသည်။ အပူချိန်နိမ့်ကျမှုကြောင့် ကျိုင်းကောင်ကျရောက်မှု နှောင့်နှေးနေခြင်းဖြစ်နိုင်ကြောင်း ကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**



**မိုဆူးလ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို နိုဝင်ဘာ ၂၆ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# အာဆီယံ-အိန္ဒိယမော်တော်ကားပြိုင်ပွဲ(၂၀၀၄)ပြိုင်ပွဲဝင်ကားများ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့သို့ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၈

**မန္တလေးမြို့၌ ရောက်ရှိနေကြသော ပထမအကြိမ် အာဆီယံ-အိန္ဒိယမော်တော်ကားပြိုင်ပွဲ (၂၀၀၄)ကားပြိုင်ပွဲဝင်များအား တာလွှတ်ပွဲကို နိုဝင်ဘာ ၂၆ရက် နံနက် ၅ နာရီတွင်ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့ ကြည့်ရှုအားပေးကြသည်။**

**စတင်မောင်းနှင်**

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အလံဝှေ့ယမ်း၍ တာလွှတ်ပေးလိုက်ရာ ပြိုင်ပွဲဝင်ကားများသည် စတင်မောင်းနှင်သွားကြသည်။

ထို့နောက် ပြိုင်ပွဲဝင်ကားများသည် မန္တလေး-ကျောက်ဆည်-ရွာငံ-အောင်ပန်း-တောင်ကြီး ကားလမ်းအတိုင်း ရွာငံမြို့သို့ရောက်ရှိကြရာ အောင်ပန်းတပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းထိုက်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တိုင်းရင်းသားတိုင်းရင်းသူများက ကြိုဆိုကြသည်။

ပြိုင်ပွဲဝင်မော်တော်ကားများသည် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ Aye Thar Yar Golf Resort Hotelသို့ ရောက်ရှိကြပြီး ခေတ္တရပ်နားကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်ကားများသည် တောင်ကြီးမြို့ကိုဖြတ်သန်းကြရာ ဒေသခံပြည်သူများနှင့် တိုင်းရင်းသား တိုင်းရင်းသူများက လမ်းဘေး ဝဲယာမှ စည်ကားသိုက်မြိုက်စွာ ကြိုဆို နှုတ်ဆက်ကြသည်။

**သောင်းသောင်းဖြဖြကြိုဆို**

ထို့နောက် ဆက်လက်ထွက်ခွာကြပြီး လွိုင်လင်မြို့သို့ရောက်ရှိကြရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် ပြိုင်ပွဲဝင်ကားများသည် လွိုင်လင်မြို့၌ ညအိပ်ရပ်နားကြသည်။

**ကြိုဆိုအားပေး**

ရှမ်းပြည်နယ် လွိုင်လင်မြို့၌ ရောက်ရှိနေကြသော ပထမအကြိမ် အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲ (၂၀၀၄)၏ ပြိုင်ပွဲဝင်ကားများသည် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် လွိုင်လင်မြို့မှ လွိုင်လင်-ကျိုင်းတုံလမ်းအတိုင်း ဆက်လက်ထွက်ခွာကြပြီး ကွန်ဟိန်းမြို့သို့ ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တိုင်းရင်းသားတိုင်းရင်းသူများက ကြိုဆိုအားပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင်ကားများသည် ကွန်ဟိန်းမြို့၌ ခေတ္တရပ်နားကြသည်။

ထိုမှတစ်ဆင့် ပြိုင်ပွဲဝင်ကားများသည် မိုင်းပျင်းမြို့သို့ရောက်ရှိကြရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ကားများသည် ညပိုင်းတွင် ကျိုင်းတုံမြို့သို့ ရောက်ရှိကြရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

**ညအိပ်ရပ်နား**

ယင်းနောက် ပြိုင်ပွဲဝင်ကားများသည် ကျိုင်းတုံမြို့၌ ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံအတွက် ကြိုဆိုပို့ဆောင်ရေးမော်တော်ယာဉ်ကုသိုလ်အလှူရှင်များဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ၉-၁၂-၂၀၀၄ ရက်နေ့မှ ၁၁-၁၂-၂၀၀၄ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ကြွရောက်တော်မူလာမည့် ပြည်ပနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်ဆရာတော် ၃၅ ပါးအတွက် တစ်ပါးစီအသုံးပြုရန် ဆလွန်း(1995 Model)မော်တော်ယာဉ်၃၅စီးကို ခေတ္တအသုံးပြုခွင့် အကူအညီပေးလှူဒါန်းမည့်အလှူရှင်များ လိုအပ်လျက်ရှိပါသည်။

၂။ မော်တော်ယာဉ်သုံးစွဲခွင့်လှူဒါန်းရမည့်ကာလမှာ စုစုပေါင်းရှစ်ရက်(၇-၁၂-၂၀၀၄ရက်နေ့မှ ၁၄-၁၂-၂၀၀၄ ရက်နေ့အထိ)ဖြစ်ပြီး အဆိုပါယာဉ်များ၏ စက်သုံးဆီနှင့် အုပ်ချုပ်မှုကိစ္စကို ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီက တာဝန်ယူပါမည်။ လှူဒါန်းလိုသူအလှူရှင်များသည် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ ကြိုတင့်ကြိုခဲ ကုသိုလ်ရယူလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဦးလှသောင်းမြင့် | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | ဖုန်း-၅၇၁၀၀၉ |
| (ခ) | ဒေါ်ခင်ခင်ဝင်း | ညွှန်ကြားရေးမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | ဖုန်း-၅၇၃၁၀၅ |
| (ဂ) | ဦးမြင့်မော် | ညွှန်ကြားရေးမှူး<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | ဖုန်း-၂၈၅၁၇၃ |

**ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီ။**

## ပြည်ရွှေဆံတော်စေတီတော် ရွှေသင်္ကန်းကပ်လှူ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓ+ဓမ္မ+သံဃ ဝါတွင်းနိဗ္ဗာန်ဆော်အဖွဲ့ကြီး၏ ၁၃၆၆ ခုနှစ် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ အများပြည်သူ လှူဒါန်းငွေကျပ် ၆၇၈၀၀၀၀ ကို ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ရွှေသင်္ကန်း ကပ်လှူရန်အတွက် အများကောင်းမှုအနေဖြင့် ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်တွင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော် အင်္ဂါထောင့်ရှိ ဓမ္မာရုံကြီး၌ လှူဒါန်းကြပြီး ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရေစက်ချ အနုမောဒနာတရားနာယူကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



**သဃ်န်းကျွန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်လုံးဆိုင်ရာ (၁၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို တန်ဆောင်မုန်းလပြည့်နေ့က မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိမလနှင့် ဆရာတော် သံဃာတော်များအား မြို့နယ်ဥက္ကဋ္ဌ ဦးစောသိန်းနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက ကထိန်လျာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။**

(ဝ၅၂)

CLMTV ECS TRADE FAIR




# ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄

ရန်ကုန်မြို့၊ မင်းဓမ္မလမ်း၊ မြန်မာကွန်ဗင်းရှင်းစင်တာ

(၃-၁၂-၂၀၀၄ရက်မှ ၇-၁၂-၂၀၀၄ရက်အထိ)



**နိုဝင်ဘာ ၁၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၄) ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ကြီးမှူးကျင်းပသော အငှမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲတွင် အသက်အကြီးဆုံး အဘိုးအိုတစ်ဦးအား အသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းသန်းက ကန်တော့အလှူငွေပေးအပ်စဉ်။** (က-ပ)

**မီးဘေးအန္တရာယ် အစဉ် သတိပြုကာကွယ်**

## မြန်မာ-ထိုင်း စုပေါင်းဘုံကထိန်အလှူပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

တတိယအကြိမ်မြောက် မြန်မာ-ထိုင်း စုပေါင်းဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ၂၆ရက် မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၂၇)ရပ်ကွက်ရှိ မြန်မာ-ထိုင်းချစ်ကြည်ရေးကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသက သီလပေးရေစက်ချ အနုမောဒနာတရားဟောကြားတော်မူပြီး ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညအား မြန်မာ-ထိုင်းဒါယကာများက ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲဆက်

**ရန်ကုန် နိုဝင်ဘာ ၂၈**

အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)နှင့် မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဂရိတ်ဝေါဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့က ပံ့ပိုးကူညီသည့် ရန်ကုန်တိုင်းအခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီမှစ၍ မြို့မကြက်တောင် အားကစားရုံတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် အသင်းလိုက် အမျိုးသားတစ်ပွဲ၊ အမျိုးသမီးတစ်ပွဲ၊ အသက်(၁၂)နှစ်အောက် အမျိုးသားလေးပွဲ၊ အမျိုးသမီး လေးပွဲ၊ အသက်(၁၄)နှစ်အောက် အမျိုးသားလေးပွဲ၊ အမျိုးသမီးလေးပွဲ၊ အသက်(၁၆)နှစ်အောက် အမျိုးသားလေးပွဲ၊ အမျိုးသမီးလေးပွဲ စုစုပေါင်း ၂၆ပွဲ ကျင်းပသည်။

ပြိုင်ပွဲသို့ အနောက်ပိုင်းခရိုင်(က)အသင်း၊ (ခ)အသင်း၊ အရှေ့ပိုင်းခရိုင်(က)အသင်း၊ (ခ)အသင်း၊ မြောက်ပိုင်းခရိုင် (က)အသင်း၊ အမျိုးသား၊ အမျိုးသမီးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည်။ **(မြန်မာ့အလင်း)**




**Third Meeting of the ASEAN Committee on Women**
**29 November - 1 December 2004**
**YANGON, MYANMAR**

# မြန်မာနိုင်ငံနှင့်တကွ အာဆီယံမိသားစုဝင်နိုင်ငံများအတွက် အရေးပါသည့်ညီလာခံတစ်ရပ်ဖြစ် ညီလာခံကြီးအောင်မြင်ပြီးမြောက်ရေး တက်ညီလက်ညီဝိုင်းဝန်းပေါင်းစပ်ဆောင်ရွက်



**(၂၂)ကြိမ်မြောက်အာဆီယံနိုင်ငံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံ (CAFEO-22) ကျင်းပရေးနှင့်စပ် လျဉ်း သည့် ညှိနှိုင်း အစည်းအဝေးတွင် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**(၂၂)ကြိမ်မြောက်အာဆီယံနိုင်ငံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံ (CAFEO-22) ကျင်းပရေးနှင့်စပ် လျဉ်း သည့် ညှိနှိုင်း အစည်းအဝေးတွင် ရန်ကုန်မြို့တော်ဝန် ဗိုလ် မှူး ချုပ် အောင်သိန်းလင်း ရှင်းလင်း တင်ပြစဉ်။** (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊



**(၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ(CAFEO-22)ကျင်းပရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



(၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံ(CAFEO-22) ကျင်းပရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ရှင်းလင်းတင်ပြစဉ်။ **(သတင်းစဉ်)**



**(၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံ (CAFEO-22) ကျင်းပရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



(၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံ (CAFEO-22) ကျင်းပရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း ရှင်းလင်းတင်ပြစဉ်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

## ဝိုင်းဝန်းပေါင်းစပ်ဆောင်ရွက်

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးမှာ ၂၀၀၄ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့် (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ(CAFEO-22)သည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအပါအဝင် အာဆီယံနိုင်ငံအင်ဂျင်နီယာအသင်းများ ပါဝင်ဖွဲ့စည်းထားသည့် အာဆီယံနိုင်ငံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ကြီး၏ ညီလာခံဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင့်တကွ အာဆီယံမိသားစုဝင်နိုင်ငံများအတွက်အရေးပါသည့် ညီလာခံတစ်ရပ်ဖြစ်သဖြင့် မိမိနိုင်ငံအတွင်းကျင်းပသည့် ညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးအတွက် တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းပေါင်းစပ် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာ့အလယ်၌ ထည်ထည်ဝါဝါဝင့်ဝင့်ကြွားကြွားရပ်တည်နိုင်စေရေးအတွက် မိမိနိုင်ငံသူနိုင်ငံသား အသိပညာရှင် အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

## အောင်မြင်ဖြစ်ထွန်းလျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးနှင့် ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် မရှိမဖြစ်သည့် အခြေခံလိုအပ်ချက်များဖြစ်သော နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံအဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာအခြေခံအဆောက်အအုံများကို မြန်မာအင်ဂျင်နီယာများ၊ မြန်မာဗိသုကာပညာရှင်များ၏ စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုးကြိုးပမ်းတည်ဆောက်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကပါဝင်စွမ်းဆောင်ပေးနေသည့် အမျိုးသားရေးစွမ်းအားစုများကို ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် ကျစ်လျစ်ခိုင်မာသည့်လူမှုရေးအသင်းအဖွဲ့များအဖြစ် ဖွဲ့စည်းထူထောင်နိုင်ရန် နိုင်ငံတော်ကအားပေးဆောင်ရွက်လျက်ရှိကြောင်း။



**အာဆီယံနိုင်ငံ အင် ဂျင် နီ ယာ အသင်းများအဖွဲ့ချုပ် ညီလာခံ (CAFEO-22) ကျင်းပရေးနှင့် စပ် လျဉ်း သည့် ညှိနှိုင်း အစည်း အဝေးတွင်မြန်မာ နိုင်ငံ အင်ဂျင်နီ ယာ အသင်း ဥက္ကဋ္ဌဒေါက်တာ စိန်မြင့် ကျင်းပ ရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြ စဉ်။**(သတင်းစဉ်)

## တက်ကြွစွာပါဝင်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးသည်လည်း နိုင်ငံတော်၏ အားပေးချီးမြှောက်မှုဖြင့်ပေါ်ထွန်းလာခဲ့ပြီးနောက် အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အင်ဂျင်နီယာကျောင်းသူကျောင်းသားများ အပါအဝင် အသင်းသားပေါင်း၇၀၀၀ကျော်ကို အမျိုးသားရေးအင်အားစုတစ်ရပ်အဖြစ် စုစည်းပြီး အင်ဂျင်နီယာပညာပြန့်ပွားရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေးတို့အတွက် စည်းရုံးဦးဆောင်လျက်ရှိသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်းကြီးသို့ ဝင်ရောက်ပြီးနောက် အာဆီယံအသင်းကြီး၏ လုပ်ရှားဆောင်ရွက်မှုများတွင် နိုင်ငံအကြီးအကဲအဆင့်၊ ဝန်ကြီးအဆင့်၊ အဆင့်မြင့်အရာရှိကြီးများအဆင့်၊ လူမှုရေးအသင်းအဖွဲ့များအဆင့် စသည့် အဆင့်တိုင်း၊ ကဏ္ဍတိုင်း၌ တက်ကြွစွာပူးပေါင်းပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအနေဖြင့်လည်း အခြားသော လူမှုရေးအသင်းအဖွဲ့များနည်းတူ မိမိတို့နှင့်သက်ဆိုင်သည့် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်(AFEO)တွင် တက်ကြွစွာပါဝင် လှုပ်ရှားဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

## ကူညီဆောင်ရွက်နိုင်ရန်

သို့ဖြစ်၍ မြန်မာနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည့်(၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ(CAFEO-22)ကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်ခမ်းနားစွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အပိုင်းက အားပေးကူညီဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌဒေါက်တာစိန်မြင့်က အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ဖြစ်ပေါ်လာမှု၊ အဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် ယခုနှစ်တွင်ကျင်းပမည့် (၂၂)ကြိမ်မြောက်အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပရန် စီစဉ်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအနေဖြင့် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်နှင့်ဆက်သွယ်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ဖွဲ့စည်းပုံနှင့် ပညာရပ်ဆိုင်ရာ ကဏ္ဍများအလိုက် ကော်မတီများဖွဲ့စည်းပြီး အင်ဂျင်နီယာပညာပြန့်ပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု၊ (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံကျင်းပရေးအတွက် ကျင်းပရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီအသီးသီးဖွဲ့စည်းဆောင်ရွက်ထားမှု၊ ကော်မတီများအလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနများအလိုက် ကူညီဆောင်ရွက်ပေးရန် စီစဉ်ထားမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုစစ်ဆေး

ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံ(CAFEO-22)တွင်ချီးမြှင့်မည့် ဆုနမူနာများ၊ လက်ဆောင်ပစ္စည်းများ၊ ညီလာခံအထိမ်းအမှတ် လွယ်အိတ်၊ လက်ဆွဲအိတ်နှင့် အခြားအထိမ်းအမှတ်ပစ္စည်းများ၊ ညီလာခံတွင်ဖြန့်ဝေမည့် စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ(CAFEO-22)ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဒီဇင်ဘာ ၁၈ရက်နှင့် ၁၉ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ ချုပ်ညီလာခံ (CAFEO-22) တွင်ချီးမြှင့်မည့် ဆုနမူနာများ၊ လက်ဆောင်ပစ္စည်းများ၊ ညီလာခံ အထိမ်းအမှတ်လွယ်အိတ်၊ လက်ဆွဲအိတ်နှင့် အခြား အထိမ်းအမှတ်ပစ္စည်းများ၊ ညီလာခံတွင် ဖြန့်ဝေမည့် စာရွက်စာတမ်း များကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)**

■ ***ကျောက်ဖြူမှ***

တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းနှင့် ဦးစီးအရာရှိ ဦးမျိုးညွန့်တို့က မြန်မာ့အလင်းအဖွဲ့အား ကြိုဆိုပြီး သိရှိလိုသမျှကို ရှင်းလင်းဆောင်နှင့် လုပ်ငန်းခွင်တို့တွင် လိုက်လံပြသ ရှင်းလင်းပြောပြသည်။

### ရည်ရွယ်ချက်

ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရှေးဦးစွာ ရှင်းလင်းဆောင်တွင် မြေပုံကားချပ်များဖြင့် ရှင်းလင်းပြောပြသည်။ မန္တလေးတိုင်း ကြက်မောက်တောင်ရေလှောင်တမံကို ၁၉၆၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ကြက်မောက်တောင် ရေလှောင်တမံ၏ ရေလှောင်နိုင်သည့် ပမာဏသည် ဧကပေ၇၃၀၀၀ရှိသည်။

ကြက်မောက်တောင်၏နှစ်စဉ် လှောင်နိုင်သောရေမှာ ဧကပေ၃၆၉၀၀ ဖြစ်၏။ လှောင်နိုင်သောရေပမာဏ၏ ထက်ဝက်သာရှိသည်။

### ရေပေးသွင်းနိုင်ရန်

ကြက်မောက်တောင်ဆည်ကို ရေကူပေးသွင်းနိုင်ရန်အတွက် နည်းလမ်းရှာသောအခါတွင် တမံတစ်ခု တည်ဆောက်ရန် လိုအပ်လာသည်။ တည်ဆောက်ပြီးစီးခဲ့သည့် ပင်းချောင်းရေလှောင်တမံသည် အမှန်တကယ်သိုလှောင်နိုင်သော ဧကပေ ၁၉၀၀၀ ဖြစ်ပေသည်။ တစ်နှစ်လျှင် စီးဝင်ရေသည် ဧကပေ ငါးသောင်းကျော်လောက်ရှိသည်။ ဧကပေ သုံးသောင်းခန့်သည် နှစ်စဉ်လိုပင် ရေပိုရေလျှံအနေဖြင့် ကျော်ကျသွားခဲ့သည်။ ထိုရေကို ထိန်းပြီးသား ဖြစ်စေရန်နှင့် ထွက်သွားသောရေကို လွှဲပေးနိုင်ရန် ပင်းချောင်း၏ ရေဝေချောင်းနှစ်ချောင်းဖြစ်သည့် နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာအနီးရှိသော ကျောက်တံခါးချောင်းနှင့် တောင်ဦးချောင်းတွင် ရေကူရေလှောင်တမံ(၁) အဖြစ် တည်ဆောက်၍ လည်းကောင်း၊ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်တွင်ရှိသော တယ်ပင်တဲကျေးရွာအနီးတွင် ရှိသော တောင်ရေချောင်းပေါ်၌ တမံတစ်ခု တည်ဆောက်၍လည်းကောင်း ကြက်မောက်တောင်ဆည်သို့ ရေကူပေးသွင်းရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ကြက်မောက်တောင်ဆည်သို့ ရေပေးရာတွင် တမံ(၁)သည် ကျောက်တံခါး တမံဖြစ်ပြီး၊ တမံ(၂)သည် တောင်ရေတမံဖြစ်သည်။ တောင်ရေတမံကို တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ၂၈–၇–၂၀၀၄ရက်တွင် အောင်မြင်စွာဖွင့်လှစ်ပြီးဖြစ်သည်။ တောင်ရေတမံရေဖြင့် ကြက်မောက်တောင်ရေလှောင်တမံက ယခုနှစ်အတွင်းမှာပင် ဧကပေ ၁၇၀၀ ခန့် ပေးသွင်းပေးနေပြီဖြစ်သည်။

### တည်ဆောက်ပြီး

ကျောက်တံခါးရေလှောင်တမံအနေဖြင့် တမံ၏စီမံကိန်းအရ တည်ဆောက်မှု အခန်းကဏ္ဍလေးခုရှိသည်။ ပထမဆုံးကဏ္ဍအနေဖြင့် မြေသားတမံတစ်ခု တည်ဆောက်ရန်ဖြစ်ပြီး တမံအလျားအနေဖြင့် ပေ ၇၆၁၀နှင့် တမံအမြင့် ပေ၈၀ရှိသည်။ တမံတည်ဆောက်ရာတွင် တောင်ဦးချောင်းနှင့် ကျောက်တံခါးချောင်း နှစ်ချောင်းကိုပိတ်ပြီး တမံတည်ဆောက်ကြသည်။ တမံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၂ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါ တမံမြေဖို့ခြင်းလုပ်ငန်းကို ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးနေပြီဖြစ်သည်။ အချောသပ်လုပ်ငန်းများကို ဖွင့်ပွဲအမီပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ခဲ့ရသည်။

ဒုတိယလုပ်ငန်းအနေဖြင့် ရေထုတ်ပြွန်နှစ်ခု တည်ဆောက်ရန်ဖြစ်သည်။ တည်ဆောက်ပြီးစီးသော ဆည်များတွင် ရေထုတ်ပြွန်တစ်ခုသာရှိသော်လည်း ကျောက်တံခါးရေလှောင်တမံတွင် ရေထုတ်ပြွန်နှစ်ခု ပါဝင်တည်ဆောက်မည်ဖြစ်သည်။ ရေထုတ်ပြွန်(၁)မှ ကြက်မောက်တောင်ဆည်သို့ တောင်ရေတမံမှတစ်ဆင့် ရေပေးရန်ဖြစ်သည်။ ရေထုတ်ပြွန်(၁)မှာ ၆ပေX၄ပေ သံကူကွန်ကရစ် ရေထုတ်ပေါက်မှ ထုတ်ပေးမည်ဖြစ်သည်။ ရေထုတ် ပြွန်(၁)၏ လုပ်ငန်းမှာလည်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ကို ကြက်မောက်တောင်ဆည်မှတစ်ဆင့် အထောက်အကူပြုမည်ဖြစ်သည်။

ကျောက်တံခါး ရေလှောင်တမံသည် မကွေးတိုင်း နတ်မောက်မြို့နယ်အတွင်းပါဝင်၍ နတ်မောက်မြို့နယ်၏ စိုက်ဧရိယာများကို ရေပေးနိုင်ရန်အတွက် ကျောက်တံခါးချောင်း၏ လက်ဝဲဘက်ခြမ်းတွင် ရေထုတ်ပြွန်(၂)ကိုတည်ဆောက်ထားသည်။ နတ်မောက်မြို့နယ်တွင်ရှိသော ဒေသများဖြစ်သော ရွှေပန်းတောဒေသရှိ စိုက်ဧက ၂၀၀၀ခန့်ကို ရေပေးဝေနိုင်ရန် ဆောင်ရွက်ထားသည်။ ရေထုတ်ပြွန်(၂)သည် သုံးပေအချင်းရေထုတ်ပေါက်မှ ရေထုတ်မည်ဖြစ်သည်။ ရေထုတ်ပြွန်(၁)၏ အလျားသည် ၁၇၄ပေဖြစ်ပြီး ရေထုတ်ပြွန်(၂)၏ အလျားသည် ၂၃၆ပေရှိ၍ ရေထုတ်ပြွန်နှစ်ခုစလုံးမှာ တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည်။

တတိယလုပ်ငန်းစဉ်အနေဖြင့် ရေပိုလွှဲ တည်ဆောက်ခြင်းဖြစ်၍ ရေပိုလွှဲ၏အလျားသည် ၁၇၄၅ပေနှင့် အကျယ်မှာ ပေ၁၅၀ရှိသည်။ လောလောဆယ်တွင် ရေပိုလွှဲအလျားသည် ၁၇၄၅ပေရှိသည့်အနက် ပေ ၁၁၇၀ ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်ပြီးဖြစ်သည်။ ကျန်လုပ်ငန်းကို လပိုင်းအတွင်း ပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။

စတုတ္ထ လုပ်ငန်း အနေ ဖြင့် ကျောက်တံခါးတမံမှ တောင်ရေတမံသို့ ၁၃ဒသမ၅မိုင်ရှိသော ဆက်သွယ်မြောင်းဖြင့်ရေပေးသွင်းရမည်ဖြစ်ရာ ကျောက်တံခါးတမံမှ ပေ ၃၀၀၀ မြောင်းဖောက်ပြီးဖြစ်၍ တောင်ရေတမံမှပေ ၅၀၀ဖောက်ပြီးဖြစ်သည်။ တမံလုပ်ငန်းများပြီးစီးနေပြီဖြစ်သော ရေသွယ်မြောင်းလုပ်ငန်းကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျန်ရှိသောလုပ်ငန်းအားလုံးကို ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာနှစ်အတွင်း ပြီးစီးရန် စီမံကိန်းချမှတ်ထားသည်။

### သတ်မှတ်ကာလပြီးစီး

လယ်ယာသီးနှံ စိုက်ပျိုးရေးသည် နိုင်ငံတော်အတွက်အရေးပါ အရာရောက်သောစီမံကိန်းဖြစ်သောကြောင့်

***စာမျက်နှာ ၁၀ ကော်လံ ၁***




**ကျောက်တံခါးရေလှောင်တမံစီမံကိန်းတွင် ပါဝင်သည့် အကျယ်ပေ ၁၅၀နှင့် အလျား ၁၇၄၅ပေရှိ ရေပိုလွှဲတည်ဆောက်ပြီးစီးမှုကို နိုဝင်ဘာ ၂၃ရက်က ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

**မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးရွာအနီး ကျောက်တံခါးချောင်းကိုပိတ်၍ တည်ဆောက်ထားသော အလျားပေ ၇၆၁၀၊ အမြင့်ပေ ၈၀ ရှိ ကျောက်တံခါးရေလှောင်တမံ၏ မြင်ကွင်းအလှကို နိုဝင်ဘာ၂၃ရက်က ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)



# ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တ သောဘိတမဟာထေရ်၏ သရီရဓာတ်ပြာတော် ဓာတုဒကပူဇာသဘင်ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၈

**ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ ပခုက္ကူမဟာဝိသုတာရာမ နိကာယကြီး၏ အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်တို့၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တ သောဘိတ မဟာထေရ်၏ သရီရဓာတ်ပြာတော် ဓာတုဒက ပူဇာသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းနာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်း အားကစားကွင်းအတွင်းရှိ လောင်တိုက်တော်မဏ္ဍပ်၌ကျင်းပပြီး ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်ကို ပဲခူးမြစ်နှင့် ရန်ကုန်မြစ်ဆုံ၌ ဥဒကပူဇာအဖြစ်ရေမျှောပူဇော်သည်။**

ဓာတုဒက ပူဇာသဘင် အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက် ပဓာန နာယက တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသတို့ အမှူးပြုသော တပည့်သံဃာတော်များ ကြွရောက်တော်မူကြ၍ သံဝေဂဉာဏ်ပွားများကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိုန်၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဘာသာရေး အသင်းအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆရာတော်ကြီး၏ ဆွေတော်မျိုးတော်များ၊ တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သာသနာရေး ဦးစီးဌာန ရန်ကုန်တိုင်းသာသနာရေး ဦးစီးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

## တောင်းပန်လျှောက်ထား

ထို့နောက် ဆရာတော် သံဃာတော်များနှင့် ပရိသတ်တို့က သဗ္ဗေသင်္ခါရာအနိစ္စာတိ အစရှိသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများ၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ အကြံပေးအရာရှိ ဦးမင်းကြည်က သရီရဓာတ်ပြာတော်ကို ဓာတုဒက ပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်ခွင့်ပြုတော်မူပါမည့်အကြောင်း အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားသည်။

## ဓာတ်ပြာတော်ပင့်ဆောင်

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော ဆရာတော်များသည် ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်ကို ဖူးမြော်ကြည်ညိုကြသည်။ ဆက်လက်၍ သရီရဓာတ်ပြာတော် ပင့်ဆောင်ထားသည့် ရွှေအိုးငွေအိုးနှင့် ရွှေအိတ်တို့ကို နတ်မြင်းပျံရထားပေါ်သို့ ပင့်ဆောင်ရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အမှူးပြုသော ဆရာတော်များက ရှေ့ဆုံးမှ ကြွချီတော်မူကြပြီး ဓာတ်ပြာတော်ရွှေအိုးကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ကလည်းကောင်း၊ ဓာတ်ပြာတော်ငွေအိုးကို အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်က လည်းကောင်း၊ ဓာတ်ပြာတော်ရွှေအိတ်ကိုဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက လည်းကောင်း၊ နတ်မင်းကြီး လေးပါးတို့က ထီးဖြူတော်များဖြန့်မိုးလျက် လည်းကောင်း ပင့်ဆောင်ကြသည်။

## လိုက်ပါပင့်ဆောင်

ထို့နောက် ဆရာတော်ကြီး၏ သရီရဓာတုဒက ဓာတ်ပြာတော်ကို နတ်မြင်းပျံရထားဖြင့် ရန်ကုန်မြို့ပန်းဆိုးတန်းလမ်းရှိ နန်းသီတာ ဆိပ်ကမ်းသို့ ပင့်ဆောင်ကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော်နှင့် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက် ပဓာနနာယက ဆရာတော်တို့ကြီးမှူးသော ဆရာတော်ကြီး၏ တပည့်သံဃာတော်များ လိုက်ပါလာသော မော်တော်ယာဉ်များက ရှေ့ဆုံးမှ ဦးဆောင်၍ ဆရာတော်ကြီး၏ ဓာတ်ပုံတော်တင် မော်တော်ယာဉ်နှင့် ဓာတ်ပြာတော်တင် နတ်မြင်းပျံရထားယာဉ်တို့ပါဝင်ကာ ဝတ်အသင်းများ၊ ဆရာတော်ကြီး၏ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ ဒါယိကာမများ လိုက်ပါလာသော မော်တော်ယာဉ်များက အစီအစဉ်အတိုင်း လိုက်ပါပင့်ဆောင်ကြသည်။

## နန်းသီတာဆိပ်ကမ်းသို့ပင့်ဆောင်

ယင်းသို့ ဆရာတော်ကြီး၏ ဓာတ်ပြာတော်ကို ပင့်ဆောင်ကြရာတွင်လောင်တိုက်တော်ရှိရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းမှ ပုလဲရတနာလမ်း၊ ပြည်ထောင်စုလမ်းတို့မှ အမှတ်(၂) လမ်းမကြီးအတိုင်း ထွက်ခွာကြပြီး သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စု ခုံးကျော်တံတားကို ဖြတ်ကျော်၍ လေးထောင့်ကန်လမ်းအတိုင်း ဆက်လက်ထွက်ခွာ အပူဇော်ခံကာ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းမှတစ်ဆင့် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းအတိုင်း အနောက်ဘက်သို့လည်းကောင်း၊ ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်လမ်းနှင့် ကန်တော်မင်္ဂလာလမ်းအတိုင်း ရွှေတိဂုံစေတီတော်ကြီးအား လက်ယာရစ်ဦးခိုက်ပူဇော်လျက် ဦးဝိစာရအဝိုင်းမှ အလုံလမ်းအတိုင်း အနောက်ဘက်သို့လည်းကောင်း လှည့်လည်အပူဇော်ခံကာ ပြည်လမ်း၊ ဘုန်းကြီးလမ်းနှင့်ကမ်းနားလမ်းတို့အတိုင်း နန်းသီတာဆိပ်ကမ်းသို့ ပင့်ဆောင်အပူဇော်ခံသည်။

## လှေလှော်သံဖြင့်ပူဇော်

ထို့နောက် နံနက် ၈ နာရီတွင် နန်းသီတာ ဆိပ်ကမ်း၌ နတ်မြင်းပျံရထားယာဉ်ပေါ်မှ သရီရဓာတုဓာတ်ပြာတော်ကိုပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဗလရာဇာနှစ်ထပ်ရေယာဉ်ပေါ်သို့ ပင့်ဆောင်ရာတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အမှူးပြုသော သံဃာတော်များက ဦးဆောင်၍ ဓာတ်ပြာတော်ရွှေအိုးကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ကလည်းကောင်း၊ ဓာတ်ပြာတော် ငွေအိုးကို အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်က လည်းကောင်း၊ ဓာတ်ပြာတော်ရွှေအိတ်ကို ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်းကောင်း ထီးဖြူတော်မိုး နတ်မင်းကြီးလေးပါးတို့ခြံရံလျက် အစီအစဉ်အတိုင်း ပင့်ဆောင်ကြပြီး ဝတ်အသင်းအဖွဲ့များ၊ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက နောက်မှလိုက်ပါပင့်ဆောင်ကြသည်။

## မြစ်ဆုံသို့ ပင့်ဆောင်

ဆက်လက်၍ ဆရာတော်ကြီး၏ သရီရ ဓာတုဓာတ်ပြာတော်ကို ဆရာတော် သံဃာတော်များ၊ ဈာပနကျင်းပရေး ကော်မတီဝင်များနှင့် ဆွေတော်မျိုးတော်များက "ဗလရာဇာ" နှစ်ထပ်ရေယာဉ်ဖြင့် လည်းကောင်း၊ ဝတ်အသင်း အဖွဲ့များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက "ဗလကျော်ခေါင်" ရေယာဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်မြစ်နှင့် ပဲခူးမြစ်တို့ဆုံရာ မြစ်ဆုံသို့ ပင့်ဆောင်ကြသည်။ ထိုသို့ ပင့်ဆောင်ကြရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မင်္ဂလာ ဆိုင်းအဖွဲ့နှင့် အနုပညာရှင်များက လှေလှော်သံဖြင့် ပူဇော်ကြသည်။

ထို့နောက် မြစ်ဆုံနေရာ၌ ဆရာတော်ကြီး၏ သရီရဓာတုဓာတ်ပြာတော် ပင့်ဆောင်လာသည့် "ဗလရာဇာ"နှစ်ထပ်ရေယာဉ်သည် ရွှေတိဂုံစေတီတော်ကြီးအား သဘော်ဦးတိုက် ပူဇော်ပြီး သရီရဓာတုဒကပူဇာ ရေမျှော ပူဇော်ခြင်းအစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ ဆရာတော် သံဃာတော်များက ဦးဆောင်လျက် ပရိသတ်တို့က အနိစ္စာ ဝတ သင်္ခါရာ အစရှိသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများကြသည်။ ယင်းနောက် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ အကြံပေးအရာရှိ ဦးမင်းကြည်က သရီရဓာတု ဓာတ်ပြာတော်များကို ရေမျှော ပူဇော်ခွင့်ပြုပါရန် အဘိယာစနဂါထာဖြင့် ပူဇော်လျှောက်ထားပြီး ဓာတ်ပြာတော် ရွှေအိတ်ကို ဆရာတော်ကြီး၏တပည့်များဖြစ်ကြသည့် ပိဋကတ်သုံးပုံနိကာယ် စာသင်တိုက် ပဓာနနာယက တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသနှင့် ဆရာတော်ကြီး၏ ပစ္ဆာသမဏ ဘဒ္ဒန္တ တေဇောဘာသတို့က လည်းကောင်း၊ ဓာတ်ပြာတော်ရွှေအိုးကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လည်းကောင်း၊ ဓာတ်ပြာတော်ငွေအိုးကို အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ် မျိုးမြင့်ကလည်းကောင်း အသီးသီး ပင့်ဆောင်ကြ၍ ဆရာတော်ကြီး၏ သရီရဓာတု ဓာတ်ပြာတော်များကို နံနက်၈နာရီ မိနစ်၅၀တွင် စက်တပ်ရေယာဉ်ပေါ်မှ ရန်ကုန်မြစ်အတွင်းသို့ မျှောချပူဇော်ပြီး ဓာတုဒကပူဇာသဘင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



**ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံ ဆရာတော် ဘဒ္ဒန္တ သောဘိတမဟာထေရ်၏ သရီရဓာတ်ပြာတော် ဓာတုဒကပူဇာသဘင်အခမ်းအနားတွင် ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များကို ရန်ကုန်မြစ်အတွင်း မျှောချပူဇော်စဉ်။ (သတင်းစဉ်)**

## သရီရဓာတ်ပြာတော် ဓာတုဒကပူဇာသဘင်အခမ်းအနား

**ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တ သောဘိတမဟာထေရ်၏ သရီရဓာတ်ပြာတော် ဓာတုဒကပူဇာသဘင်အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)**

# ရွှေဂုံရိပ်မွန်အိမ်ရာကထိန်သင်္ကန်းဆက်ကပ်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် ရွှေဂုံရိပ်မွန်အိမ်ရာမိသားစု မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၆ရက် (၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့)က သီရိစန္ဒာကျောင်းတိုက်၌ကျင်းပရာ ပဒေသာပင်၂၇ပင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**(က-ပ)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော် မ တီ ဗဟိုရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး) တွင် ကွယ်လွန်သူမိခင် ဒေါ်လှမြင့်အား ရည်စူး၍ ရှမဝစမ်းစမ်းအေး (အကယ်ဒမီ)၊ ကိုအောင်နွေ၊ ဦးဝင်းနိုင်-ဒေါ်မီမီထွေး သား ချစ်လင်းသူ၊ စိုးပြည့်သူ၊ အိမ့်နွေးနွေးကို မိသားစုက အလှူငွေကျပ် တစ်သိန်းသုံးသောင်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)**

# တနင်္သာရီတိုင်းသည် ရေမြေသယံဇာတ ကြွယ်ဝသော တိုင်းဖြစ် စိုက်ပျိုး၊မွေးမြူရေး၊သားငါးထုတ်လုပ်ရေးနှင့်စီမံကိန်းဝင်သီးနှံများစိုက်ပျိုး လျာထားချက်ပြည့်မီကျော်လွန်စေရေးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၈

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ နိုဝင်ဘာ၂၅ ရက် နံနက်ပိုင်းက မြိတ်မြို့ ကလွင်ရပ်ကွက်ရှိ တောင်သာယာဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ဂါရဝပြုကန်တော့ကြရာ အဘိုးဦးချစ်လှိုင်က ကျေးဇူးတင်စကားပြောကြား၍ အဘိုးအဘွား များက ဆုတောင်းမေတ္တာပို့သပေးကြသည်။**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် ဇနီးတို့က အဘိုးအဘွားများအား ဂါရဝပြု လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဘိုးဘွားရိပ်သာရှိ စေတီတော်၌ ပန်း၊ဆီမီး၊ အမွှေး တိုင်များ ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုကာ အဘိုးအဘွားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

### ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ယုဇနကုမ္ပဏီလီမိတက်မှ တာဝန်ယူ ဆောက်လုပ်လျက်ရှိသော မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင် ဆောက်လုပ်နေမှု လုပ်ငန်းခွင်သို့ သွားရောက်ရာ မြိတ်တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဦးထွန်းသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

### မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့သည် မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင် ဆောက်လုပ်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး ရာ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးထွန်းသိန်းနှင့် ယုဇနဆောက်လုပ်ရေး တာဝန်ခံ ဦးခင်ဦးတို့က လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် တည်ဆောက်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

### တွေ့ဆုံ

နံနက် ၈ နာရီခွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြိတ်မြို့ ပုလဲရတနာခန်းမသို့ သွားရောက်၍ မြိတ်တပ်နယ်ရှိ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က တနင်္သာရီတိုင်း ၏ စိုက်ပျိုးရေးကဏ္ဍ အဓိကရည်မှန်းချက်ဖြစ်သည့် ဒေသဝမ်းစာဖူလုံရေး၊ ဆီအုန်းဧက ငါးသိန်း၊ ရော်ဘာဧက ငါးသိန်းနှင့် ငရုတ်ကောင်းဧက ၂၆၀၀၀ ပြည့်မီအောင်စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။



ရန်ကုန်တိုင်း တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ ဘုရားလေးမြိုင်မြတောင်ညိုကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသအား သိက္ခာထပ်မင်္ဂလာ၊ ကျော်စံရာ ရွှေစည်းခုံဘုရား အာရုံခံတန်ဆောင်းသစ် ရေစက်ချအလှူတော်မင်္ဂလာနှင့် သံဃာတော်၃၅ပါးတို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းသည့် အလှူတော်မင်္ဂလာကို နိုဝင်ဘာ၂၁ရက်ကကျင်းပရာ မြတောင်ညိုကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝံသအား အလှူရှင် ဦးဟုတ်ကြည်-ဒေါ်တင်ဦး မိသားစုက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင်ဒေသဝမ်းစာဖူလုံရေးအတွက်အထွက်တိုးမျိုးစပါးများရရှိအောင်ဆောင်ရွက်၍ ဒေသတွင်း ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသခံ ပြည်သူများနှင့် လုပ်ငန်းရှင်များကလည်း အထွက်ကောင်းစပါးမျိုးများ ရရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်လိုကြောင်း၊ တနင်္သာရီတိုင်း အနေဖြင့် ရေမြေသယံဇာတကြွယ်ဝသည့်တိုင်းဖြစ်သည်နှင့်အညီ စိုက်ပျိုးမွေးမြူရေးနှင့် သားငါးထုတ်လုပ်ရေး စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးရေးလုပ်ငန်းများကို လျာထားချက် ပြည့်မီကျော်လွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတို့အတွက် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

**(သတင်းစဉ်)**

## အောင်ဘာလေ သိန်းဆုဖွင့်ပွဲ ဒီဇင်ဘာ ၁ ရက်တွင် ဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

(၁၉၁)ကြိမ်မြောက် ငွေကျပ် ၅၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် အမှတ် ၃၈၄၃၅ ဖွင့်လှစ်မည်။ ထိုဖွင့်ပွဲကို နံနက် ၉ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည် ဖြစ်သည်။

**ဖွင့်လှစ်ပေးမည်**

ယခုထီဖွင့်ပွဲတွင် ငွေကျပ်သိန်း ၃၀၀တစ်ဆု၊ ငွေကျပ်သိန်း ၅၀ ၂၉ ဆု၊ ငွေကျပ် ၂၅ သိန်း ၁၂ ဆု၊ ငွေကျပ်ခြောက်သိန်း ၆၆၅ ဆု၊ ငွေကျပ် ငါးသိန်းနှစ်ဆု၊ ငွေကျပ် လေးသိန်း လေးဆု၊ ငွေကျပ်နှစ်သိန်း ၁၅ ဆု၊ ငွေကျပ်တစ်သိန်း ၁၇၁ ဆု၊ ငွေကျပ်ရှစ်သောင်း၂၄ ဆု၊ ငွေကျပ် ငါးသောင်း ၁၇၁၀၊ ငွေကျပ်လေးသောင်း ၄၆ ဆု၊ ငွေကျပ်နှစ်သောင်း ၃၃၃ ဆု၊ ငွေကျပ် တစ်သောင်း ၁၇၁၀၀ ဆု စုစုပေါင်း ၂၀၁၁၂ ဆု ဖွင့်လှစ်ပေး မည်ဖြစ်သည်။

(၁၉၁)ကြိမ်မြောက် ငွေကျပ် ၅၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဒီဇင်ဘာ ၈ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ် ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



# ရန်ကုန်မြို့တော် သန့်ရှင်းသပ်ရပ်စေရေးနှင့် လမ်းများအဆင့်မြှင့်တင်ခင်းကျင်းမှုလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၈

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော် သန့်ရှင်းသပ်ရပ်စေရေးနှင့် လမ်းများအဆင့်မြှင့်တင် ခင်းကျင်းနေမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး** (အပေါ်ပုံ) **တာဝန်ရှိသူ များအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

### ရှင်းလင်းပြသ

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၆ နာရီခွဲ တွင် ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ မြေနီကုန်း ပလာဇာ ရှေ့သို့ရောက်ရှိလာပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်း၊ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တာဝန်ရှိသူ များလိုက်ပါလျက် စမ်းချောင်းမြို့နယ် အောင်တော်မူလမ်းထိပ်မှ ပြည်လမ်းအထိ ဗားကရာလမ်း တစ်လျှောက် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်နှင့်နုန်းများ ဆယ်ယူပြီး စနစ်တကျ စွန့်ပစ်နေမှု၊စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်းနှင့် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းတို့ကို ဆက်သွယ်ထားသည့် အရှည်၆၂၄၃ပေ၊ အကျယ်၆၆ပေရှိ ဗားကရာလမ်းကို နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက် ခင်းကျင်းနေမှုအခြေအနေများကိုလည်းကောင်း၊ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာအမှိုက်နှင့်ချုံနွယ်များရှင်းလင်းခြင်း၊ လမ်းဘေးရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်း၏ အရှည်ပေ၁၅၈၄၀၊ အကျယ်၇၃ပေရှိ အင်းစိန်မြို့နယ် လမ်းပိုင်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ အရှည်ပေ၂၄၈၀၊ အကျယ်၁၈ပေရှိ ဗိုလ်ဗထူးလမ်းကို နိုင်လွန်ကတ္တရာခင်းကျင်းနေမှု၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထု များစုပေါင်း၍ လမ်းဘေးဝဲ/ယာတစ်လျှောက်ရေမြောင်းများအတွင်းရှိ အမှိုက်နှင့် ချုံနွယ်များဆယ်ယူ၊ ခုတ်ထွင်ရှင်းလင်းနေမှု အခြေအနေများကို လည်းကောင်း၊ ရွှေပြည်သာတံတားအတက်/အဆင်းလမ်းကိုလမ်းသား ကတ္တရာ တင်ခင်းကျင်းခြင်း၊ လမ်းဘေးဝဲ/ယာတစ်လျှောက် အကျယ်၆ပေ၊ အရှည်တစ်ဖက်လျှင် ပေ ၂၀၀၀ ရှိ လူသွားစင်္ကြံကျောက်ပြားခင်းကျင်းခြင်း၊ လမ်းဘေး ဝဲယာ တစ်လျှောက် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်းကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)ဌာနမှူးဦးဗိုလ် ဌေးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ လိုက်လံရှင်းလင်းပြသကြသည်။

### မှာကြား

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့တော်ကြီး အစဉ်သန့်ရှင်းသပ်ရပ်လှပစေရေးကို စနစ်တကျစီမံဆောင်ရွက်နေလျက်ရှိရာ ပြည်သူလူထုအနေဖြင့်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ နှင့်အညီ အမှိုက်စွန့်ပစ်ခြင်း၊ သိမ်းဆည်းခြင်းလုပ်ငန်းများကို ဝိုင်းဝန်းကူညီရန် စည်းရုံးဆောင်ရွက်ကြရေးနှင့်လှိုင်သာယာမြို့နယ် ဗိုလ်ဗထူးလမ်းကို နိုင်လွန် ကတ္တရာ ခင်းကျင်းခြင်း ဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် လမ်းကို ရေရှည် ခိုင်ခံ့စွာအသုံးပြုနိုင်စေရေးအတွက် လမ်းပခုံးသားကိုပါ ထည့်သွင်း ပြုလုပ်နိုင်ရေး စီမံဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**နိုဝင်ဘာ ၁၈ရက်က မြောက်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနကစံပြ(ဂ)ရပ်ကွက် အတွင်းရှိ နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ် ရေးကတ်ပြားများ ပေးအပ်ပွဲကို စံပြ(ဂ)ရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးလှိုင်ဌေးက စံပြရပ်ကွက် ဥက္ကဋ္ဌ ဦးသန်းဦးအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။**

(က-ပ)

## ဓမ္မပူဇာအထူးတရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၇)ရပ်ကွက်လုံးဆိုင်ရာ ဒဂုံသီရိဈေးအနီး တရားမဏ္ဍပ်တွင် ဒီဇင်ဘာ ၂ရက်မှ၁၁ရက်အထိ ၁၀ညတရားပွဲများတွင် ဒီဇင်ဘာ ၂ရက်ညတွင် ဘဒ္ဒန္တဝီရိယ၊ ၃ရက်ညတွင် ဦးခေမာလင်္ကာရ (ရွှေပြည်ဟိန်း)၊ ၄ရက်ညတွင် ဦးကောသလ္လ(ဓမ္မစေတီ)၊ ၅ရက်ညတွင် ဓမ္မဒူတ ဦးပညာဝရ၊ ၆ရက်ညတွင် ဦးသုဇာတ(မေတ္တာအေး)၊ ၇ရက်ညတွင် ဓမ္မဒူတ ဦးပညိသရ၊ ၈ရက်ညတွင် ဦးခေမိန္ဒ(စစ်ကိုင်း)၊ ၉ရက်ညတွင် ဓမ္မဒူတ ဦးဃောသိတ (ဓမ္မာစရိယ)၊ ၁၀ရက်ညတွင် ဦးပဏ္ဍဝံသ (မိုးကုတ်နယ်လှည့်ဓမ္မကထိက)နှင့် ၁၁ရက်ညတွင် ဓမ္မဒူတ ဦးဆေကိန္ဒတို့က ညစဉ် တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**



# အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အာရှဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့အားပို့ဆောင်နှုတ်ဆက်

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ ဝူရှူးအဖွဲ့ချုပ်အလုပ်အမှုဆောင်အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အားကစားဝန်ကြီးဌာန ဝန်ကြီး အာရှဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ H.E. Mr.Li Zhijianနှင့် အဖွဲ့အား ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E . Mr. Li Jinjunနှင့် တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(မြန်မာ့အလင်း)**

# Kasco Open Golf Championship ၂၀၀၄ခုနှစ် ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်

**ရန်ကုန် နိုဝင်ဘာ ၂၈**

Myanmar PGAနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် ပထမအကြိမ် Kasco Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက်က မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကွင်း၌ ကျင်းပရာ မန္တလေးမြို့ စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးကြည်သိန်းနှင့် Myanmar PGAနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီး၌ Professional Golfer ပြိုင်ပွဲတွင် ကျော်စွာလင်း(Srixon)က ၆၉+၆၆ နှင့် မင်းနိုင်(Srixon)က ၆၅+၇၀ ပေါင်း ၁၃၅ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

စိုးကျော်နိုင်(Srixon)က ၆၈+၆၈ နှင့် အောင်ဝင်း(YCDC)က ၆၇+၆၉ ပေါင်း ၁၃၆ချက်စီဖြင့် ဒုတိယလိုက်ပြီး၊ လှမျိုး(KM Golf Centre)က ၇၁+၆၇နှင့် မြင့်ရွှေ (Wilson) က ၆၇+၇၁ ပေါင်း ၁၃၈ ချက်စီဖြင့် တတိယ လိုက်နေသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ဇော်ဇင်ဝင်းက ၇၀+၆၆ ပေါင်း၁၃၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး၊ နေဗလဝင်းမြင့်က ၇၁+၇၁ ပေါင်း ၁၄၂ချက်ဖြင့် ဒုတိယလိုက်ကာ မျိုးမင်းအောင်က ၇၁+၇၄ ပေါင်း ၁၄၅ချက်ဖြင့် တတိယလိုက်နေသည်။




**၂၀၀၄ ခုနှစ် ပထမအကြိမ် Kasco Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။**

**(ဂေါက်သီးရိုက်အဖွဲ့ချုပ်)**

## ပါဝင်ကူညီ

ယင်းပြိုင်ပွဲကို Kascoမြန်မာပြည်မှ တစ်ဦးတည်း ကိုယ်စားလှယ် Heritage Sports and Golf Co., Ltd. က အဓိက ကူညီပံ့ပိုးပြီး Co. Sponsorsများအဖြစ် Air Bagan၊ Imperial Jade Drinking Water၊ Myanmar Brewery Ltd. နှင့် ရွှေမန်းတောင် ဂေါက်ကလပ်တို့က ပါဝင်ကူညီကြသည်။

## တာဝန်ယူ

ပထမအကြိမ် Kasco Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုဝင်ဘာ ၂၇ရက် နံနက် ၇ နာရီတွင် တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# တိမ်အသင့်အတင့်

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

# ကမ္ဘာတစ်လွှားအားကစား

## ရိုးမားတို့အဝေးကွင်း၌ ဂိုးပြတ်သွင်းပြီးအနိုင်ရ အူဒီးနီးစ်လည်းနိုင်ပွဲရပြီး တတိယနေရာတွင်တည်မြဲနေ

**ရောမ နိုဝင်ဘာ ၂၇**

အီတလီစီးရီးအေပွဲစဉ်(၁၃)အဖြစ် ဆီနာနှင့်ရိုးမား၊ လီဗော်နိုနှင့်အူဒီးနီးစ်တို့ နိုဝင်ဘာ ၂၇ ရက်က ယှဉ်ပြိုင်ကစားရာ ရိုးမားကဆီနာကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အူဒီးနီးစ်က လီဗော်နိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

### ဆီနာနှင့်ရိုးမား

အဝေးကွင်း ရှုံးပွဲများနေသော ရိုးမားတို့ ယခုပွဲ ဆီနာကို အနိုင်ရခြင်းသည် အဝေးကွင်း၌ ဒုတိယမြောက် နိုင်ပွဲဖြစ်သည်။ ဆီနာကွင်း အာတီမီရိုဖရင်ချီ၌ ကစားသည့်ပွဲသည် ရိုးမားတို့ယခုနှစ် စီးရီးအေ၌ ခြေစွမ်း အပြနိုင်ဆုံးပွဲ ဖြစ်ခဲ့သည်။ ရိုးမား တိုက်စစ်မှူးများဖြစ်သည့် မွန်တယ်လားနှင့် တော့တီတို့ ခြေစွမ်းပြကစားနိုင်ခဲ့ကြပြီး ဂိုးလည်း သွင်းနိုင်ခဲ့ကြသည်။

ရိုးမားအတွက် ၅၉ မိနစ်တွင် မွန်တယ်လားက တစ်ဂိုးနှင့် ၆၈မိနစ်တွင်လည်း မွန်တယ်လားကပင် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ရိုးမားအတွက် တတိယဂိုးကို ၇၁ မိနစ်နှင့် စတုတ္ထဂိုးကို မိနစ် ၉၀ တို့တွင် တော့တီက နှစ်ဂိုးစလုံး သွင်းယူပေးခဲ့သဖြင့် ရိုးမားတို့ ဆီနာကို လေးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရိုးမားသည် ယခုပွဲ အနိုင်ရရှိသဖြင့် ၁၃ ပွဲကစား၊ လေးပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံး ၁၆ မှတ်ဖြင့် အဆင့်ရှစ်နေရာသို့ တက်လာသည်။

### လီဗော်နိုနှင့်အူဒီးနီးစ်

ယခုနှစ် ခြေစွမ်းပြနိုင်ပြီး အဝေးကွင်းရလဒ်လည်း ကောင်းသော အူဒီးနီးစ်တို့ လီဗော်နိုကွင်း၌ပင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြန်ပြီဖြစ်သည်။ လီဗော်နိုကို အူဒီးနီးစ်တို့ ခြေအသာဖြင့် ဖိကစားနိုင်ပြီး ၁၃ မိနစ်မှာပင် အူဒီးနီးစ် တိုက်စစ်မှူး ဗင်ချီဇို အိုင်ရာကွင်တာက တစ်ဂိုး၊ ၅၃ မိနစ်တွင် တိုက်စစ်မှူး ဒေးဗစ်ဒီမီချီလီက တစ်ဂိုးသွင်းယူပေးခဲ့သည်။ လီဗော်နိုအတွက် ချေပဂိုးတစ်ဂိုးကို ၆၅မိနစ်တွင် တိုက်စစ်မှူး လူကာရယ်လီက သွင်းယူပေးခဲ့သဖြင့် လီဗော်နိုတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပွဲကြုံခဲ့ရခြင်းဖြစ်သည်။ အူဒီးနီးစ်ယခုပွဲ အနိုင်ရရှိ၍ ၁၃ ပွဲကစား၊ ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးဖြင့် ၂၂ မှတ်ရရှိကာ တန်းစီဇယား၌ တတိယနေရာတွင် ဆက်လက်တည်ရှိနေသည်။

**(အင်တာနက်)**



**စီးရီးအေပွဲစဉ်(၁၃) အဖြစ် လီဗော်နိုနှင့် အူဒီးနီးစ်တို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် အူဒီးနီးစ် တိုက်စစ်မှူး ဗင်ချီဇိုအိုင်ရာကွင်တာ ထိုးဖောက်ကစားစဉ်။**

**(ဓာတ်ပုံ-အင်တာနက်)**

# ကမ္ဘာတစ်လွှားထူးထူးခြားခြား

## ကျားနှင့်ဝက်တို့ မိတ်ဆွေဖွဲ့



ဆရိုရာချာ ဥယျာဉ်၌ ကျားတစ်ကောင်နှင့် ဝက်ပေါက်လေး တစ်ကောင် တို့ အေးအေးလူလူ လမ်းလျှောက်နေကြစဉ်။

**(ယာပုံ)**

အဆိုပါ ဥယျာဉ်သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ကျားမွေးမြူပြုစုစောင့်ရှောက်ရေး ဥယျာဉ်ကြီးတစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံ အလယ်ပိုင်းတွင် တည်ရှိသည်။ ယင်းဥယျာဉ်တွင် ကျားမျိုးပေါင်း များစွာ မွေးမြူထားရှိပြီး အခြား တောရိုင်းတိရစ္ဆာန်များကိုလည်း မွေးမြူထားသည်။ တိရစ္ဆာန်များ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်သော်လည်း ပုံတွင် မြင်တွေ့ရသည့်အတိုင်း ဝက်နှင့် ကျားတို့မှာ မိတ်ဆွေဖြစ်လျက်ရှိနေသည်ကို ထူးခြားစွာ တွေ့မြင်ရလေသည်။ **(အေအက်ဖ်ပီ)**

## မင်မင်းဆက်က ပန်းကန်ပြား



ကြေးနီဖြင့်ပြုလုပ်ထားသော မင်မင်းဆက်က ပန်းကန်ပြား တစ်ချပ်ကို တွေ့ရစဉ်။

**(ယာပုံ)**

အဆိုပါ ပန်းကန်ပြားပေါ်တွင် မင်မင်းဆက်ခေတ်က ပန်းချီဆေးသွင်းလက်ရာများ ပါရှိပြီး ညစာ စားသုံးရာတွင် အသုံးပြုသည့်ပန်းကန်ပြား အမျိုးအစားဖြစ်သည်။ ယင်းပန်းကန်ပြားကို အခြားရှေးဟောင်းပစ္စည်းများနှင့် အတူ လေလံတင်ရောင်းချမည်ဖြစ်ရာ ဒေါ်လာ ၅ဒသမ၇သန်း တန်ဖိုးရှိကြောင်း သိရသည်။

**(အေပီ)**

## အရာတော်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်ထိန်းသိမ်းရေး နည်းစနစ်များရှင်းလင်း

**အရာတော် နိုဝင်ဘာ ၂၀**

မုံရွာခရိုင် အရာတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အောင်သာကျေးရွာ အောင်သရဖူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်၊ အဖွဲ့ဝင်(၁)ဒုတိယရဲမှူးမြင့်စိုးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် ရေရှည်ထိန်းသိမ်းရေး နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာအုပ်အလှူရှင် ၁၀ ဦးက သုတ၊ ရသ စာအုပ်မျိုးစုံ ၂၅၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမျိုးက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**





## ပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ် ဂန့်ဂေါမြို့နယ်တွင် ခေတ်မီစာကြည့်တိုက်ဖွင့်

**ဂန့်ဂေါ နိုဝင်ဘာ ၁၅**

ဂန့်ဂေါမြို့နယ် ပြည်သူများအသိပညာဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်လျက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မတည်မှုဖြင့် ခေတ်မီစာကြည့်တိုက်(e-Library) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ခေတ်မီစာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** (၂၇၃)

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## နယ်လှည့်စာကြည့်တိုက်ဖွင့်

**ပျဉ်းမနား နိုဝင်ဘာ ၁၂**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ရက် မွန်းလွဲ၁နာရီ က ကျည်ထောင်ကျေးရွာအုပ်စု ကျည်ထောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင် မောင်ထွန်းက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်နှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာများကို ဦးစီးမှူးက သက်ဆိုင်ရာ တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(ဝ၉၉)**

**နိုဝင်ဘာ၁၄ရက်က ထားဝယ်မြို့နယ် ပကာရီချောင်းကူးတံတား တည်ဆောက်မှုကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်သန်းက ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်စည်ပင်)



## ပျော်ဘွယ်မြို့နယ် ရှမ်းစုကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**ပျော်ဘွယ် နိုဝင်ဘာ ၂၄**

ပျော်ဘွယ်မြို့နယ် ရှမ်းစုကျေးရွာ အားမာန်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။

**ဖွင့်လှစ်ပေး**

အခမ်းအနားတွင် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မေစောမွန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးညွန့်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ လှူဒါန်းသော သုတ၊ ရသ စာအုပ် ၅၅အုပ်ကို ခရိုင်ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးညွန့်မောင်က လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**



**နိုဝင်ဘာ ၂၃ရက်က တောင်ငူမြို့ ကင်းဆိပ်ကျေးရွာနှင့် ဇီးပင်သာကျေးရွာတို့အား ဆက်သွယ်သော ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်မည့်နေရာအား အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကျော်မင်းတို့ ကွင်းဆင်း စစ်ဆေးစဉ်။**
(မြို့နယ်စည်ပင်)



## ကျောက်ဆည်ခရိုင်လယ်တွင်း အလင်းရောင် စာကြည့်တိုက်ဖွင့် ဝန်းသိုကျေးရွာ၌စာပေရေးရာဟောပြော၊ ငွေလှူဒါန်း

**ကျောက်ဆည် နိုဝင်ဘာ ၁၅**

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဝန်းသိုကျေးရွာ လယ်တွင်းအလင်းရောင်ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ရွာလယ်ဓမ္မာရုံရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာမြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် စဉ့်ကိုင်မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်လှိုင်တို့က အမှာစကားများပြောကြားကြပြီး ကျောက်ဆည်ခရိုင် ဦးစီးအရာရှိ ဦးချစ်ထွေး (မောင်ချစ်ထွေး မဟာဝိဇ္ဇာ)နှင့် ကျောက်ဆည်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သန်း(မောင်ခိုင်ကျော် ကျောက်ဆည်)တို့က စာပေရေးရာများ ဟောပြောကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် စာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဦးတင်လှိုင်(လယ်တွင်းသား စောချစ်)ဇနီး ဒေါ်မြင့်မြင့်တို့က ကျပ် ၁၀၀၀၀၊ စဉ့်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်လှိုင်က ကျပ်၁၀၀၀၀၊ ကျောက်ဆည်အသင်း(ရန်ကုန်) အတွင်းရေးမှူး ဦးကျော်မြအောင်၊ ဇနီး ဒေါက်တာခင်နှင်းဆွေတို့က ကျပ် ၃၀၀၀၊ ကျောက်ဆည်အသင်း(ရန်ကုန်)တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးလွင်နှင့် ကျောက်ဆည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သန်းတို့က စာအုပ် စာစောင်များပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးကြွယ်မောင်က လက်ခံရယူသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက်မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ မြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင်ဦးစီးအရာရှိတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(က-ပ)**

## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် အလှူရှင်များ စာအုပ်များပေးအပ်လှူဒါန်း

**မိုးညှင်း နိုဝင်ဘာ ၁၅**

မိုးညှင်းမြို့နယ် ညောင်ပင်သာကျေးရွာကိုယ့်အားကိုယ်ကိုး ရွာကျက်သရေစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်ဦးစီးမှူး ဦးမာန်စိုင်းနှင့် ညောင်ပင်သာကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းကြရာ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး ကြည်ဝင်းဦး၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစံလင်း၊ မြို့နယ်အသင်းအတွင်းရေးမှူးဦးစိန်ဝင်းထွန်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ညောင်ပင်သာနှင့် ခရချောင်းကျေးရွာများမှ အလှူရှင်များနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က စာအုပ်ပေါင်း ၇၀၀ ကိုပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီနာယက ဦးမြသိန်းက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဘီးလင်း ဇုတ်သုတ်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

**ဘီးလင်း နိုဝင်ဘာ ၁၆**

ဘီးလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဦးဆောင်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ကြီးပမ်းမှုဖြင့် ပြည်သူများ အသိပညာ ဗဟုသုတများတိုးပွားစေရေးအတွက် အောက်တိုဘာ၂၉ရက်က ဇုတ်သုတ်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဘ၀အလင်းရောင် ကျေးလက်စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးတင်ဆန်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်လေးနွယ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ လှူဒါန်းသော သုတ ရသစာအုပ် ၅၅ အုပ်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းဝေက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**








**အသက်ကိုးလမှ ငါးနှစ်အရွယ် ကလေးငယ်တိုင်း အစုလိုက်ဝက်သက် ကာကွယ်ဆေး ထိုးနှံခြင်းကို ညောင်ဦးမြို့ အမှတ်(၃) ရပ်ကွက်တွင် နိုဝင်ဘာ ၁၄ ရက်က ဆောင်ရွက်ရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် ခရိုင်ကျန်းမာရေး ဌာနမှူး ဆရာဝန်ဒေါက်တာ ဦးမောင်မောင်မြင့်တို့က ကာကွယ်ဆေးထိုးစုရပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (၃၀၀)

# မွန်ပြည်နယ် တရားရေးဝန်ထမ်းမိသားစု ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း

**မော်လမြိုင် နိုဝင်ဘာ ၂၅**

မွန်ပြည်နယ်တရားရေးဝန်ထမ်းမိသားစု၏ ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၆ နာရီက မော်လမြိုင်မြို့ ပြည်နယ်တရားရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် မော်လမြိုင်မြို့ ရွှေဟင်္သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုစိတ္တထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆရာတော်နှင့်သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ပြည်နယ်တရားသူကြီး ဦးလှဝင်း၊ တွဲဖက်ပြည်နယ်တရားသူကြီး ဒေါ်သင်းသင်းနွဲ့၊ ခရိုင်တရားသူကြီး ဦးသက်စိုးအောင်နှင့် တရားရေးဝန်ထမ်းမိသားစုတို့က ဆက်ကပ်လှူဒါန်းကြသည်။ **(၁၆၈)**

# ပညာရှေ့ဆောင်စာကြည့်တိုက်ဖွင့်

**မြင်းခြံ နိုဝင်ဘာ ၂၂**

ပညာရှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က မြင်းခြံမြို့နယ် ရှားတောစံပြကျေးရွာရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးဘိုလှရီနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ပညာရှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၄၀၂)**

# မြန်မာ့အသံ

**၃၀-၁၁-၂၀၀၄(အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၀၇း၀၀ | တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလာသုတ်နှင့် ဂုဏ်တော်ကွန်ချာ) |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၁၁း၁၅ | သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ-၁၈) |
| ၁၁း၃၀ | မြန်မာ့မူဟန်ဇာတ်မာန် ဟောပြောချက်(မြန်မာအစ တကောင်းက ပြောကြစဉ်အလာ-ချစ်စံဝင်း) |
| ၁၂း၀၀ | သူ့အတွေးနှင့် သူ့အရေး (အရိုးကိုအရွက်မဖုံးဖို့ ကျွန်မတို့မှာတာဝန်ရှိတယ်-ဒေါက်တာမတင်ဝင်း) |
| ၁၂း၂၀ | ဇာတ်လမ်းပမာ(မသိခြင်းရောဂါ) |
| ၁၂း၄၅ | ကဏ္ဍစုံစွာဆွေးနွေးစရာ (ကျေးလက်စာကြည့်တိုက်များ အကြောင်း ဆွေးနွေးခန်း) |
| ၁၃း၁၀ | ပညာရေးအသံလွှင့် အစီအစဉ် (အဋ္ဌမတန်း-ပထဝီဝင်) |

**ညနေပိုင်း**

| | |
|---|---|
| ၁၆း၂၀ | ကျေးလက်ဇာတ်လမ်း (ဖေးမကြင်နာ ကူညီပါ) |
| ၁၇း၀၀ | တပ်မတော်စာတိုက် |
| ၁၇း၁၀ | ကမ္ဘာ့ဂီတ |
| ၁၇း၃၀ | ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျဲကျဲလှမ်း သွက်သွက်လျှောက်) |
| ၁၉း၁၅ | ကျန်းမာရေးနှင့် ဆေးပညာ (အေအိုင်ဒီအက်စ်ကင်းစင်ဖို့ အမျိုးသမီးများ ဘ၀မြှင့်တင်စို့) |
| ၂၀း၃၀ | လပတ်မိုးလေ၀သခန့်မှန်းချက် -ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ် |

# စပေါင်း ပျိုးထောင်

**နိုဝင်ဘာ ၁၀ရက်က ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယင်းဝါးဆည် ပျိုးဥယျာဉ်တွင် ပန်းအလှပင် ပျိုးထုပ်များ စပေါင်း ပျိုးထောင်ကြစဉ်။**

(မြို့နယ်စည်ပင်)

# မြန်မာဗီဒီယို ၁၀ ကား ဖြန့်ချိပြသခွင့်ရ မေတ္တာဘွဲ့ဇာတ်ကားနှင့် မြန်မာ့သတ္တိလက်ဝှေ့ပွဲတို့ပါဝင်

**မောင်ဆွေထွန်း**

**ရန်ကုန် နိုဝင်ဘာ ၂၈**

ယခုအပတ်တွင် မြန်မာ ဗီဒီယိုဇာတ်ကား ၁၀ ကား ဖြန့်ချိပြသခွင့်ရရှိရာ **ဝင့်ရှိခဲ့ရင်ကျေပါစေ၊ မေတ္တာဘွဲ့**ဇာတ်ကားနှင့် **မြန်မာ့သတ္တိကမ္ဘာက သိစေမည်** ရိုးရာလက်ဝှေ့ဇာတ်ကားတို့နှင့် ဟာသဇာတ်ကား အချို့ပါဝင်သည်ကို တွေ့ရသည်။

ယခုအပတ် တနင်္လာနေ့မှစ၍ ပြသဖြန့်ချိမည့် ဇာတ်ကားများမှာ သုခမိန်ရုပ်ရှင်မှ ဒါရိုက်တာမောင်သီရိက်ကူး၍ လွင်မိုး၊ ခိုင်သင်းကြည်တို့ ပါဝင်သော **အမှတ်တရ အလွဲများ**



**ဒါရိုက်တာဘစိုးတင့် ရိုက်ကူးသော 'မဟူရာညများ၏ ပတ္တမြားပွင့်' ဇာတ်ကားမှ ရဲမင်းပိုင်နှင့် မြတ်ကေသီအောင်တို့၏ သရုပ်ဆောင်ဟန်။**

ဇာတ်ကား။ ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာ ခိုင်မြတ်အောင် ရိုက်ကူး၍ ရာဇာနေဝင်း၊ နေမျိုးအောင်၊ လှအဥ္စလီတင့် နှင့် ပုလဲဝင်း တို့ပါဝင်သော **ပိုးလွတ်ပန်း**ဇာတ်ကား။ လပ်ကီးဆဲဗင်းဗီဒီယိုမှ ဒါရိုက်တာ ကာတွန်းဖေစန်းရိုက်ကူး၍ မော့စ်၊ မန်းဝင်းနှင့် နံ့သာမိုးတို့ပါဝင်သော **တူးဘက်ဘက်တူး** ဇာတ်ကား။

စိန်ငွေးဗီဒီယိုမှ ဒါရိုက်တာစိုးကျော်ဆန်းရိုက်ကူး၍ လူမင်း၊ နေအောင်၊ နန္ဒာလှိုင်နှင့်လှိုင်ဖြူဖြူထွဏ်းတို့ပါဝင်သော **ဝင့်ရှိခဲ့ရင်ကျေပါစေ** ဇာတ်ကား။ မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာဇော်မြင့်ဦး ရိုက်ကူး၍ ခန့်စည်သူ၊ နန္ဒာလှိုင်နှင့်ခိုင်နှင်းဝေတို့ပါဝင်သော**ဒီဇင်ဘာကဗျာ** ဇာတ်ကား။ ဟေမာန်ဦးဗီဒီယိုမှ ဒါရိုက်တာ ဘစိုးတင့် ရိုက်ကူး၍ နေထက်လင်း၊ ရဲမင်းပိုင်နှင့် မြတ်ကေသီအောင်တို့ပါဝင်သော **မဟူရာညများ၏ ပတ္တမြားပွင့်** ဇာတ်ကား၊ အောင်ဗီဒီယိုမှ ဒါရိုက်တာ စိုးကျော်ကျော်ရိုက်ကူး၍ ကျော်ရဲအောင်၊ မျိုးမြတ်အောင်နှင့် သင်းသင်းယုလှိုင်တို့ ပါဝင်သော **အားလုံးကို ကျော်ဖြတ်မယ်** ဇာတ်ကား။

ရွှေငယ်ငယ် ဗီဒီယိုမှ ဒါရိုက်တာ ကုသိုလ်၊ ဇာနည်၊ ဆုပန်ထွာနှင့် ကင်းကောင်တို့ပါဝင်သော **နှစ်ကိုယ့်တစ်စိတ်** ဇာတ်ကား။ ဖိုးလပြည့်ဗီဒီယိုမှ ဒါရိုက်တာ ထူးအောင်၊ ကင်းကောင်၊ ချစ်ဖွယ်နှင့် နန္ဒာအောင်တို့ပါဝင်သော **ညှို့စိမ်း** ဇာတ်ကား။ ကျော်ဗီဒီယိုမှ ဒါရိုက်တာ စိုင်းဇော်ဇော်၊ ဝမ်ချိုင်း(မြန်မာ)၊ စုံစပ်(ထိုင်း)၊ စောသဲမျိုး(တွံတေး)နှင့် အိုက်ဖမ်း(ထိုင်း)တို့ ပါဝင်ထိုးသတ်သော **မြန်မာ့သတ္တိကမ္ဘာကသိစေမည်** ရိုးရာလက်ဝှေ့ဇာတ်ကားတို့ ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

# ကိုယ်စီ အမူ အရာ



**စိန်ငွေးဗီဒီယိုမှ 'ဝင့်ရှိခဲ့ရင် ကျေပါစေ' ဇာတ်ကားတွင် သရုပ်ဆောင်လူမင်းနှင့် နန္ဒာလှိုင်တို့၏ ကိုယ်စီခံစားမှု အမူအရာ။**

**မြန်မာ-ထိုင်းရိုးရာ လက်ဝှေ့ဖြစ်သော 'မြန်မာ့သတ္တိ ကမ္ဘာကသိစေမည်' ဇာတ်ကားမှ အပြိုင်အဆိုင် ထိုးသတ်ဟန်။**



# မမေ့ရက်ဘူး အဆင့်မြင့်ဗီဒီယို ရုံတင်ပြသလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

စနိုးပိုက်ရုပ်ရှင်မှ ဒါရိုက်တာ မောင်မောင်ဦး(စနိုးပိုက်)ရိုက်ကူး၍ ရန်အောင်၊ နိုင်းနိုင်း၊ မေသန်းနုနှင့် စိုးမြတ်နန္ဒာတို့ သရုပ်ဆောင်ကြသည့် **မမေ့ရက်ဘူးအချစ်ဦးရယ်** အဆင့်မြင့်ဗီဒီယိုဇာတ်ကားနိုဝင်ဘာ ၂၆ ရက်မှ စ၍ နဝဒေး၊ စံပြ၊သီတာ၊ ရွှေမန်းရုံများ၌ ရုံတင် ပြသလျက်ရှိသည်ဟုသိရသည်။ **(မြန်မာ့အလင်း)**



# မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးရေလှောင်တမံ ၁၆၇ ခုမြောက် ဆည်တမံအဖြစ် မကြာမီဖွင့်လှစ်တော့မည်

**ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)**

ရန်ကုန် နိုဝင်ဘာ ၂၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် စိုက်ပျိုးရေးကိုအဓိကအကျိုးပြုသော စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများတည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်အတွင်း ပြည်နယ်နှင့်တိုင်းများတွင် ဆည်မြောင်းတာတမံများ တည်ဆောက်ခဲ့ရာ တပ်မတော်အစိုးရလက်ထက်တွင် ဆည်မြောင်းတာတမံပေါင်း ၁၆၇ ခုကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီဖြစ်သည်။**

## ကျောက်တံခါးရေလှောင်တမံ

ယခုအခါ မကွေးတိုင်း နတ်မောက်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျောက်တံခါးရေလှောင်တမံစီမံကိန်း တည်ဆောက်အကောင်အထည်ဖော်နေခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့အလင်းသတင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်က ကျောက်တံခါးရေလှောင်တမံစီမံကိန်းသို့ ကွင်းဆင်း သွားရောက်လေ့လာခဲ့ကြသည်။

ကျောက်တံခါးရေလှောင်တမံစီမံကိန်းသည် နတ်မောက်မြို့နယ် ကျောက်တံခါးရွာအနီး ကျောက်တံခါးချောင်းပေါ်တွင် တည်ရှိသည်။ ကျောက်ပန်းတောင်း-မုံရွာကားလမ်းမှ ၁၀ မိုင်ခန့်ဝင်ကြရပြီး ကျောက်တံခါးရေလှောင်တမံစီမံကိန်း သတ်မှတ်ချိန်ပြီးစီးနိုင်ရန်အတွက် နေ့မအားညမနား ဆောင်ရွက်လျက်ရှိပြီး အနီးကပ် ကြီးကြပ်ကွပ်ကဲလျက်ရှိသော ဆည်မြောင်းဦးစီးဌာန

*စာမျက်နှာ ၉ ကော်လံ ၁* ■

## ကျောက်တံခါးရေလှောင်တမံစီမံကိန်း၏ မြင်ကွင်းအလှ

**မကွေးတိုင်း မကွေးခရိုင် နတ်မောက်မြို့နယ် ကျောက်တံခါးရွာအနီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်ခဲ့ပြီး မကြာမီဖွင့်လှစ်တော့မည့် ကျောက်တံခါးရေလှောင်တမံစီမံကိန်း၏ မြင်ကွင်းအလှကို နိုဝင်ဘာ ၂၂ ရက်က ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)**

# ဖွံ့ဖြိုးစည်ပင်ကျေးလက်တစ်ခွင်

## ကျေးလက်ဒေသသောက်သုံးရေရရှိရေးဆောင်ရွက်

**လပွတ္တာ နိုဝင်ဘာ ၂၈**

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော်လျက်ရှိရာ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးအေးမာန်သည် လပွတ္တာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့နှင့်အတူ အောက်တိုဘာ ၂၅ ရက်တွင် လပွတ္တာမြို့နယ် ပင်လယ်ကမ်းခြေဒေသများဖြစ်သော ပိုးလောင်း သိပ္ပံကုန်းကြီးကျေးရွာများသို့ ကွင်းဆင်းပြီး သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရယူသုံးစွဲ မှု၊ လက်နှိပ်ပန့်များ အသုံးပြုမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(က-ပ)**

နိုဝင်ဘာ၂၄ရက်က စစ်တောင်းမြစ်ဘေးရှိကျေးရွာများ ရန်ကုန်-မန္တလေးလမ်းမကြီးသို့ လွယ်ကူစွာသွားလာနိုင်စေရန် ဖောက်လုပ်နေသော အရှည် ၁၂ မိုင်အကျယ်ရှစ်ပေရှိ ကညွတ်ကွင်း-မိဿလင် ကျေးလက်ကျောက်ချောလမ်းကို စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

# နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

# စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

# လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက

## အကျဉ်းသား စုစုပေါင်း ၉၂၄၈ ဦး ပြန်လည်စေလွှတ်ပြီးဖြစ်

ရန်ကုန် နိုဝင်ဘာ ၂၈

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ၁၃၆၆ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက်(၂၀၀၄ခုနှစ် အောက်တိုဘာလ ၂၂ရက်)တွင် ဖျက်သိမ်းခဲ့ပြီးဖြစ်ပါသည်။**

**အဆိုပါ အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ ဆောင်ရွက်ခဲ့မှုများအနက် မလျော်မကန်သော ဆောင်ရွက်မှုများ ပါဝင်ကြောင်း သုံးသပ်ရရှိသဖြင့် ပထမအကြိမ်အဖြစ် အကျဉ်းသား ၃၉၃၇ ဦးအား ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက် (၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်)တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် အကျဉ်းသား ၅၃၁၁ဦးအား ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်)တွင်လည်းကောင်း စုစုပေါင်း အကျဉ်းသား ၉၂၄၈ ဦးအား ပြစ်ဒဏ်ကျခံနေရခြင်းမှ ရပ်စဲပေးခဲ့ရာ ယခုအခါ ပြစ်ဒဏ်ရပ်စဲခြင်းခံရသော အဆိုပါ အကျဉ်းသားအားလုံးကို အကျဉ်းစခန်းအသီးသီးမှ ပြန်လည်စေလွှတ်ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

# ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်၌ လူကူးကြိုးတံတား ဆက်သွယ်



**ခေါင်လန်ဖူး နိုဝင်ဘာ ၂၀**

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ဝေးလံ၍သွားလာမှု ခက်ခဲသော ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်ရှိ ဆာရ်ဝမ်ချောင်းကို ဖြတ်ကျော်နိုင်ရန် နိုင်ငံတော်၏ ပံ့ပိုးငွေနှင့် ခေါင်လန်ဖူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပံ့ပိုးငွေတို့ဖြင့် လူကူးကြိုးတံတားကို ဆက်သွယ် တည်ဆောက်ပေးထားသည်။ **(မြို့နယ်ကြံ့ခိုင်ရေး)**